၁၃-၇-၂၀၂၆ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ စက်သုံးဆီ၊ ရွှေ ဈေးနှုန်းများ

| စဉ် | မြို့အမည် | ဆန် (တစ်ပြည် ) | | ဆီ (တစ်ပိဿာ ) | | စက်သုံးဆီ (တစ်လီတာ ) | | | | ၁၆' ပဲရည် ရွှေ (တစ်ကျပ်သား ) |
|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | Octane ၉၅ | Octane ၉၂ | ဒီဇယ် (ရိုးရိုး ) | အဆင့်မြင့်ဒီဇယ် | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | မြစ်ကြီးနား | ၄၆၀၀ | ၁၁၇၀၀ | ၂၈၀၀၀ | ၁၁၄၅၀ | ၃၇၁၅ | ၃၆၅၀ | - | ၄၁၉၀ | ၁၀၁၅၀၀၀၀ |
| ၂ | လားရှိုး | ၄၅၀၀ | ၁၂၀၀၀ | ၂၆၀၀၀ | ၉၄၀၀ | ၃၄၉၅ | ၃၄၃၅ | ၃၂၇၀ | ၃၉၇၀ | ၁၀၁၀၀၀၀၀ |
| ၃ | ကျိုင်းတုံ | ၄၂၅၀ | ၁၀၀၀၀ | ၃၀၀၀၀ | - | ၅၂၀၀ | ၄၉၀၀ | ၅၆၀၀ | - | ၉၅၃၀၀၀၀ |
| ၄ | တောင်ကြီး | ၃၁၀၀ | ၉၁၀၀ | ၁၈၀၀၀ | ၈၃၀၅ | ၃၄၅၅ | ၃၃၉၅ | ၃၂၃၅ | ၃၉၃၀ | ၉၆၂၀၀၀၀ |
| ၅ | လွိုင်ကော် | ၄၀၀၀ | ၆၅၀၀ | ၂၂၀၀၀ | ↓၈၂၀၀ | ၃၄၇၀ | ၃၄၁၀ | ၃၂၄၅ | ၃၉၄၅ | ၉၇၀၀၀၀၀ |
| ၆ | ဘားအံ | ၃၅၀၀ | ၆၈၀၀ | ၂၄၀၀၀ | ၈၁၀၀ | ၃၄၁၀ | ၃၃၅၀ | ၃၁၉၀ | ၃၈၈၅ | ၉၃၆၅၀၀၀ |
| ၇ | မော်လမြိုင် | ၃၂၀၀ | ၆၂၀၀ | ၂၃၀၀၀ | ၈၀၀၀ | ၃၅၄၅ | ၃၄၈၀ | ၃၅၅၀ | ၄၀၁၅ | ၉၆၂၀၀၀၀ |
| ၈ | ထားဝယ် | ၃၉၀၀ | ၇၁၀၀ | ၂၄၀၀၀ | ၈၅၄၀ | ၃၄၇၀ | ၃၄၁၀ | ၃၂၅၀ | ၃၉၄၅ | ၉၆၀၀၀၀၀ |
| ၉ | မြိတ် | ၃၇၅၀ | ၇၁၀၀ | ၂၃၀၀၀ | ၈၇၃၅ | ၃၈၆၀ | ၃၆၆၀ | ၃၆၉၀ | ၄၀၄၀ | ၉၆၀၀၀၀၀ |
| ၁၀ | ရန်ကုန် | ၃၄၀၀ | ၅၈၀၀ | ↑၂၂၀၀၀ | ၇၇၀၀ | ၃၃၁၀ | ၃၂၅၀ | ၃၀၉၅ | ၃၇၉၀ | ၉၆၀၀၀၀၀ |
| ၁၁ | ပုသိမ် | ၃၂၅၀ | ၆၀၅၀ | ၂၃၀၀၀ | ၈၀၁၀ | ၃၃၉၀ | ၃၃၃၀ | ၃၁၇၀ | ၃၈၇၀ | ၉၀၉၀၀၀၀ |
| ၁၂ | စစ်တွေ | | | | | | | | | |
| ၁၃ | ဟားခါး | | ၁၂၅၀၀ | ၃၄၀၀၀ | - | ၃၇၁၀ | ၃၆၅၀ | ၃၄၇၅ | ၄၁၈၅ | ၉၄၄၀၀၀၀ |
| ၁၄ | မုံရွာ | ၄၀၀၀ | ၉၃၀၀ | ↑၂၂၀၀၀ | ↓၈၆၅၅ | ၃၄၉၅ | ၃၄၃၅ | ၃၂၇၀ | ၃၉၇၅ | ၉၅၅၀၀၀၀ |
| ၁၅ | မန္တလေး | ၃၅၀၀ | ၈၂၀၀ | ↑၂၂၀၀၀ | ၈၅၅၀ | ၃၄၅၀ | ၃၃၉၀ | ၃၂၂၅ | ၃၉၂၅ | ၉၆၀၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၄၀၀၀ | ၇၀၀၀ | ၁၉၀၀၀ | ↓၈၅၄၅ | ၃၄၅၅ | ၃၃၉၅ | ၃၂၃၀ | ၃၉၃၀ | ၉၆၀၀၀၀၀ |
| ၁၇ | မကွေး | ၄၀၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၈၃၆၅ | ၃၄၅၅ | ၃၃၉၅ | ၃၂၃၀ | ၃၉၃၀ | ၉၄၀၀၀၀၀ |
| ၁၈ | ပြည် | ၃၂၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၈၁၀၅ | ၃၃၅၆ | ၃၂၉၆ | ၃၁၄၁ | ၃၈၄၁ | ၉၆၇၀၀၀၀ |
| ၁၉ | ပဲခူး | ၃၂၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၇၈၉၅ | ၃၃၂၅ | ၃၂၆၅ | ၃၁၁၀ | ၃၈၀၅ | ၉၆၄၀၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၄၀၀ | ၇၅၀၀ | ၂၂၆၀၀ | ၈၁၀၅ | ၃၄၀၅ | ၃၃၄၅ | ၃၁၈၅ | ၃၈၈၅ | ၉၆၀၀၀၀၀ |
| ၂၁ | နေပြည်တော် | ၃၄၀၀ | ၇၅၀၀ | ၂၂၆၀၀ | ၈၁၀၅ | ၃၄၀၅ | ၃၃၄၅ | ၃၁၈၅ | ၃၈၈၅ | ၉၆၀၀၀၀၀ |
| ၂၂ | ကလေး | ၃၇၀၀ | | ၂၁၀၀၀ | ၉၇၂၅ | ၃၈၂၉ | ၃၇၇၀ | ၃၆၃၀ | ၄၂၉၀ | ၉၆၀၀၀၀၀ |


# The Consumer Affairs
# NEWS LETTER

Monthly News Letter | June 2026 | Department of Consumer Affairs


## မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၂/၂၀၂၆ ကျင်းပခဲ့





မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၆) ကို ဇွန် ၃၀ ရက် နံနက်ပိုင်းက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ရုံးအမှတ်-၅၂၊ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ တက်ရောက်အမှာစကားပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် (၃၂) ကြိမ်မြောက် အာဆီယံစားသုံးသူကာကွယ်ရေး ကော်မတီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ၂၀၂၆ ခုနှစ်၊ မေလ ၁၈ ရက်မှ ၂၀ ရက်နေ့အထိ မြန်မာနိုင်ငံ၊ ရန်ကုန်မြို့၊ Chatrium Hotel Royal Lake တွင် ဒုတိယအကြိမ် အိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်စွာ လက်ခံကျင်းပနိုင်ခဲ့ပါကြောင်း၊ ပြည်သူများ၏ ပျမ်းမျှ မျှော်မှန်းသက်တမ်း မြင့်မားလာစေရေးနှင့် ကျန်းမာကြံ့ခိုင်သော လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ပေါ်လာစေရေးသည် နိုင်ငံတော်တည်ဆောက်ရေးတွင် အဓိကကျသော ကဏ္ဍဖြစ်သည့်အတွက် ကျန်းမာရေးဝန်ဆောင်မှုများကို စားသုံးသူ ကာကွယ်ရေးလုပ်ငန်းကဏ္ဍကနေ ပူးပေါင်းပါဝင်

စာမျက်နှာ ၃ ကော်လံ ၁ သို့

၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလတွင် စတင်ထုတ်ဝေသည်။

## သတင်းခေါင်းစဉ်များ


**မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ကဏ္ဍ** ၁

၁။ မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၂/၂၀၂၆ ကျင်းပခဲ့ခြင်း

၂။ စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပ

**ပြည်တွင်း၊ ပြည်ပ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ** ၄

၃။ ပထမအကြိမ် ယှဉ်ပြိုင်မှုနှင့် စားသုံးသူကာကွယ်ရေးလုပ်ငန်းအဖွဲ့အစည်းအဝေးသို့ တက်ရောက်ခဲ့

**စားသုံးသူတိုင်ကြားမှုနှင့် ဖြေရှင်းပေးမှုကဏ္ဍ** ၅

၄။ ဟိုတယ်ဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ

၅။ ပို့ဆောင်ရေးဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ

၆။ အစားအသောက်မှာယူခြင်းနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ

၇။ ၂၀၂၆ ခုနှစ်၊ မေလအတွင်း CICC ရုံးများသို့ တိုင်ကြားလာမှုအခြေအနေ

**ထုတ်ကုန်လုံခြုံစိတ်ချရမှုကဏ္ဍ** ၈

၈။ တိုင်းဒေသကြီးများအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်

၉။ ပြည်နယ်များအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

၁၀။ Online Sale မှတ်ပုံတင်လက်မှတ်ထုတ်ပေးနိုင်ရေး မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်

၁၁။ ၂၀၂၆ခုနှစ်၊ မေလအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးမှုအခြေအနေ

၁၂။ ၂၀၂၆ ခုနှစ်အတွင်း ကုန်အညွှန်းအမှတ်အသားစိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ

**စားသုံးသူအသိပညာပေးရေးကဏ္ဍ** ၁၆

၁၃။ တိုင်းဒေသကြီးများတွင် အသိပညာပေးလုပ်ငန်းများဆောင်ရွက်

၁၄။ ပြည်နယ်များအတွင်း အသိပညာပေးလုပ်ငန်းများဆောင်ရွက်

၁၅။ ၂၀၂၆ ခုနှစ် မေလအတွင်း စားသုံးသူအသိပညာပေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေချုပ်

**သတင်းအချက်အလက်နည်းပညာနှင့်အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ** ၂၃

၁၆။ ၂၀၂၆ ခုနှစ် မေလအတွင်း ဓာတ်ခွဲစမ်းသပ်ဆောင်ရွက်ခဲ့မှုအခြေအနေ

၁၇။ မြန်မာဆန်စပါးအွန်လိုင်း (Myanmar Rice Online - MyRO) တွင် ဆန်စပါးသိုလှောင်ရုံများ မှတ်ပုံတင်ထားရှိမှု

**ကုန်သွယ်မှုကဏ္ဍ** ၂၄

၁၈။ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ စက်သုံးဆီ၊ ရွှေ၊ ဒေါ်လာဈေးနှုန်းများ




## ၂၀၂၆ ခုနှစ်၊ မေလအတွင်း ဓာတ်ခွဲစမ်းသပ်ဆောင်ရွက်ခဲ့မှုအခြေအနေ

စားသုံးသူရေးရာဦးစီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲရေးဌာနခွဲ၊ ကုန်ပစ္စည်း စမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစု (လှည်းကူး) ၏ ဓာတ်ခွဲခန်းများမှ ၂၀၂၆ ခုနှစ်၊ မေလအတွင်း လုပ်ငန်းရှင် ၁၇ ဦးက အပ်နှံလာသော သီးနှံအမျိုးအစား ၁၅ မျိုး၊ စုစုပေါင်းနမူနာအရေအတွက် ၆၄ ခု၊ ဓာတ်ခွဲစမ်းသပ်မှု ပေါင်း ၉၉ ခုကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ လယ်ယာထွက်ကုန်ပို့ကုန်များအား တရုတ်နှင့် ဂျပန်နိုင်ငံများသို့ တင်ပို့နိုင်ရေးအတွက် ဆန်ဖြူ၊ ဆန်ကွဲ၊ ကောက်ညှင်းဆန်၊ ပြုတ်ဆန်ကွဲ၊ ကောက်ညှင်းဆန်ကွဲ၊ ပဲယင်းနီ၊ ပဲယင်း၊ ပဲလွန်း၊ ပဲထောပတ်၊ ပဲစဉ်းငုံဖြူ၊ ပဲတီစိမ်း၊ မတ်ပဲ၊ ဘိုကိတ်ပဲ၊ ပဲလွန်းအခွံချွတ်ခွဲခြမ်း၊ မတ်ပဲအခွံချွတ်ခွဲခြမ်းတို့တွင် ပိုးသတ်ဆေးဓာတ်ကြွင်းပါရှိမှု၊ မှိုဆိပ်ပါရှိမှု၊ သီးနှံဓာတုနှင့် ရူပအရည်အသွေးစသည့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ဓာတ်ခွဲခန်းအလိုက် ဓာတ်ခွဲစမ်းသပ်မှုအနေဖြင့် ပိုးသတ်ဆေးဓာတ်ကြွင်းဓာတ်ခွဲခန်းမှ ၆၂ ခု၊ မှိုဆိပ်ဓာတ်ခွဲခန်းမှ ၁၈ ခု၊ ဆီနှင့်ဆီထွက်သီးနှံဓာတ်ခွဲ ခန်းမှ ၂ ခု၊ သီးနှံဓာတုဓာတ်ခွဲခန်းမှ ၁၁ ခု၊ သီးနှံရူပဓာတ်ခွဲခန်းမှ ၆ ခု စုစုပေါင်း ဓာတ်ခွဲစမ်းသပ်မှု ၉၉ ခု ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** သတင်း/နည်း

## မြန်မာဆန်စပါးအွန်လိုင်း (Myanmar Rice Online - MyRO) တွင် ဆန်စပါးသိုလှောင်ရုံများ မှတ်ပုံတင်ထားရှိမှု

| စဉ် | တိုင်းဒေသကြီး | ကုမ္ပဏီ | | | လူပုဂ္ဂိုလ် /လုပ်ငန်းရှင် | | | သိုလှောင်ရုံပေါင်း |
|---|---|---|---|---|---|---|---|---|
| | | အသေးစား | အလတ်စား | အကြီးစား | အသေးစား | အလတ်စား | အကြီးစား | |
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး | | ၁ | ၂ | ၅၃ | ၅၄ | ၇၇ | ၁၈၇ |
| ၂ | တနင်္သာရီတိုင်းဒေသကြီး | | | | ၁၀၈ | ၁၂ | ၅ | ၁၂၅ |
| ၃ | နေပြည်တော်ကောင်စီနယ်မြေ | | ၁ | ၉ | ၆၂ | ၇၉ | ၂၅ | ၁၇၆ |
| ၄ | ပဲခူးတိုင်းဒေသကြီး | ၂ | ၃ | ၂၄ | ၁၆၆ | ၅၆၃ | ၃၂၁ | ၁၀၇၉ |
| ၅ | မကွေးတိုင်းဒေသကြီး | | | ၁ | ၁၆၄ | ၁၈၉ | ၃၅ | ၃၈၉ |
| ၆ | မန္တလေးတိုင်းဒေသကြီး | ၁ | ၇ | ၂၀ | ၂၆၄ | ၁၉၄ | ၅၄ | ၅၄၀ |
| ၇ | ရန်ကုန်တိုင်းဒေသကြီး | ၂ | ၁၄ | ၂၀၉ | ၂၇၆ | ၃၂၆ | ၁၄၁ | ၉၆၈ |
| ၈ | ဧရာဝတီတိုင်းဒေသကြီး | | ၂၄ | ၆၈ | ၃၈၂ | ၇၈၁ | ၆၂၂ | ၁၈၇၇ |
| ၉ | ကချင်ပြည်နယ် | | | | ၁ | ၂ | | ၃ |
| ၁၀ | ကရင်ပြည်နယ် | | | ၂ | ၂၆ | ၁၆ | ၃ | ၄၇ |
| ၁၁ | မွန်ပြည်နယ် | | | ၁ | ၆၆ | ၇၅ | ၁၁ | ၁၅၃ |
| ၁၂ | ရခိုင်ပြည်နယ် | | ၁ | | | ၁ | | ၂ |
| ၁၃ | ကယားပြည်နယ် | | | | ၁ | ၁ | | ၂ |
| ၁၄ | ရှမ်းပြည်နယ် | | ၄ | ၂ | ၆၅ | ၆၃ | ၂၅ | ၁၅၉ |
| | **စုစုပေါင်း** | ၅ | ၅၅ | ၃၃၈ | ၁၆၃၄ | ၂၃၅၆ | ၁၃၁၉ | ၅၇၀၇ |

**Source:** သတင်း/နည်း

*စာမျက်နှာ ၂၁ မှ အဆက်*

တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များကြောင်း အသိပညာပေး ဟောပြောခဲ့ကြောင်း၊ ထို့အပြင် မော်လမြိုင်ခရိုင်ရှိ မုဒုံမြို့နယ်နှင့် ချောင်းဆုံမြို့နယ်၊ သထုံခရိုင်ရှိ သထုံမြို့နယ်၊ ကျိုက်ထိုမြို့နယ်၊ ဘီးလင်းမြို့နယ်၊ ပေါင်မြို့နယ်တို့ရှိ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ Talk Show အစီအစဉ်များ ဆောင်ရွက်ခဲ့ကြောင်း၊ လုပ်ငန်းရှင်တွေ့ဆုံခြင်းအနေဖြင့် မုဒုံမြို့နယ် အမှတ် (၆)၊ ဗိုလ်ချုပ်လမ်း၊ တရုတ်တန်းရပ်၊ ကမာဝက်မြို့ရှိ ဟင်းမွှေးမဆလာထုတ်လုပ်သည့်လုပ်ငန်းရှင်နှင့် ကွမ်တာကျေးရွာရှိ ရေသန့်လုပ်ငန်းရှင်၊ ဂျင်းလျက်ဆား ရှောက်လုံး စားသောက်ကုန်လုပ်ငန်းပိုင်ရှင်၊ ဆားကြိတ်စက်လုပ်ငန်းပိုင်ရှင်၊ ကမာဝက်မြို့ရှိ ဟင်းမွှေးမဆလာထုတ်လုပ်သည့် လုပ်ငန်းရှင်နှင့် ရေသန့်လုပ်ငန်းရှင်၊ ချောင်းဆုံမြို့နယ်၊ ကုလားဘီကျေးရွာရှိ သဘာဝမြေဩဇာလုပ်ငန်းရှင်၊ မော်လမြိုင်မြို့နယ်ရှိ အထည်ချုပ်လုပ်ငန်းရှင်၊ သထုံမြို့ နန်းခဲရပ်ကွက်၊ ဘူတာလမ်းရှိ အာလူးကြော်လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းရှင်များ၏ လိုက်နာရမည့် တာဝန်များအား အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**ရှမ်းပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** ပင်းတယမြို့ ငှက်ပျောတောရပ်ကွက်နှင့် ကလောမြို့နယ်၊ ဇော်တိစံပြကျေးရွာရှိ စားသုံးသူပြည်သူများ၊ ကျိုင်းတုံမြို့၊ ဝင်အင်းရပ်ကွက် (၄) အတွင်းရှိ ဝပ်အင်းဘုန်းကြီးကျောင်း၌ ကျောင်းသူကျောင်းသားများအား စားသုံးသူပြည်သူများအား စားသုံးသူကာကွယ်ရေး ပေါ်ပေါက်လာပုံ၊ စားသုံးသူကာကွယ်ရေးဥပဒေပါ စားသုံးသူ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ စားသုံးသူအခွင့်အရေး (၈)ချက်နှင့် တာဝန်(၄)ချက်၊ ကုန်စည်နှင့်ဝန်ဆောင်မှု လုပ်ငန်းနှင့်စပ်လျဉ်း၍ အာမခံပေးထားမှုအပေါ် စားသုံးသူက တောင်းဆိုနိုင်သည့်အခွင့်အရေးများအကြောင်း အသိပညာပေးဆွေးနွေးခဲ့ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်တွေ့ဆုံခြင်းအနေဖြင့် တောင်ကြီးမြို့ စဝ်စံထွန်းဈေးအတွင်းရှိ ကုန်မျိုးစုံရောင်းဝယ်မှုပြုသော စီးပွားရေးလုပ်ငန်းရှင်များ၊ တောင်ကြီးမြို့ အနောက်မြို့ပတ်လမ်း၊ မြို့မရပ်ရှိ ကုန်မျိုးစုံရောင်းချသည့် လုပ်ငန်းရှင်၊ ညောင်ရွှေဟော်ကုန်းရပ်ကွက်ရှိ စားအုန်းဆီရောင်းချသည့် စီးပွားရေးလုပ်ငန်းရှင်၊ အေးသာယာမြို့ရှိ အကြော်လုပ်ငန်းလုပ်ကိုင်သည့်စီးပွားရေးလုပ်ငန်းရှင်၊ အောင်ပန်းမြို့နယ်ရှိ အာလူးစိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအား စားသုံးသူကာကွယ်ရေးလုပ်ငန်းရှင်များ လိုက်နာရမည့် တာဝန်များအကြောင်း အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**Source: ပြည်နယ်ဦးစီးမှူးရုံးများ**

## ၂၀၂၆ ခုနှစ်၊ မေလအတွင်း စားသုံးသူအသိပညာပေးလုပ်ငန်းဆောင်ရွက်မှု

ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးရုံးများအနေဖြင့် စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များ၊ စားသုံးသူအခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များ၊ တားမြစ်ချက်များ၊ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းတို့နှင့် စပ်လျဉ်းသည့် စားသုံးသူအသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ မေလအတွင်း အသိပညာပေးဟောပြောခြင်း ၂၂၈ ကြိမ်၊ လုပ်ငန်းရှင်နှင့်တွေ့ဆုံဆွေးနွေးခြင်း ၂၃၈ ကြိမ်၊ သင်တန်းဖွင့်လှစ်ပို့ချခြင်း ၁၃ ကြိမ် ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: အသိပညာပေး**



# မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ကဏ္ဍ

*ရှေ့ဖုံးမှအဆက်*

ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ အမျိုးသားစားသုံးသူကာကွယ်ရေးအစီအစဉ် (၂၀၂၆-၂၀၃၀ ပြည့်နှစ်) အထိ ၅ နှစ်ကာလအတွက် အဓိက လုပ်ငန်းစဉ် (၆) ရပ်ဖြင့် ရေးဆွဲထားသည်ကို တွေ့ရှိရပါကြောင်း၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ မေလအထိ စားသုံးသူတိုင်ကြားမှု (၁၉၇) မှုအနက် ဖြေရှင်းပြီးစီးမှု (၁၄၉) မှု ဖြစ်ပြီး ဖြေရှင်းရန်ကျန် (၄၈) မှု ကျန်ရှိနေသည့်အတွက် အမှုများကို ဆက်လက်ဖြေရှင်းဆောင်ရွက်သွားရန် မှာကြားလိုပါကြောင်း၊ ဥပဒေနှင့်အညီ ဈေးကွက်စောင့်ကြည့်စစ်ဆေးရေးလုပ်ငန်းဆောင်ရွက်နိုင်ရန် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် စစ်ဆေးရေးအရာရှိ (၅၈၉) ဦးကို ခန့်အပ်ထားပြီးဖြစ်ပါကြောင်း၊ ဈေးကွက်အတွင်းရှိ ကုန်စည်များ ဘေးအန္တရာယ်ကင်းရှင်းမှု ရှိ-မရှိ၊ ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှု ရှိ-မရှိ စိစစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ စားသုံးသူကာကွယ်ပေးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများအကြား ပိုမိုထိရောက်စွာ ပူးပေါင်းဆောင်ရွက်ရန်၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ပိုမိုကောင်းမွန်သည့် ထုတ်ကုန်များကို သတ်မှတ်ချက်များနှင့်အညီ ပိုမိုမြှင့်တင်ထုတ်လုပ်နိုင်ရန်နှင့် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ပါသည်။

ထို့နောက် မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင် အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်က ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ကော်မရှင်က အဆုံးအဖြတ်ပေးရမည့် အမှာစာများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အကြံပြုဆွေးနွေး တင်ပြခဲ့ကြပါသည်။

မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၆) သို့ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များက စားသုံးသူရေးရာကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် နေပြည်တော် ကောင်စီအဖွဲ့ဝင်နှင့် စီမံကိန်း၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: ကော်မရှင်**

## စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပ

စားသုံးသူကာကွယ်ရေးဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (က) အရ စားသုံးသူကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန်၊ စားသုံးသူနှင့် စီးပွားရေးလုပ်ငန်းရှင်တို့အကြား အငြင်းပွားမှုဆိုင်ရာကိစ္စရပ်များကို ဖြေရှင်းပေးရန်နှင့် အတည်ပြုဆုံးဖြတ်ပေးရန်တို့အတွက် မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်၏ ၂၀၂၁

*စာမျက်နှာ ၄ ကော်လံ ၁ သို့*

*စာမျက်နှာ ၃ မှ အဆက်*

ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၁) ဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်စားသုံးသူရေးရာကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ် ထားရှိပါသည်။ အဆိုပါ စားသုံးသူရေးရာကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အနည်းဆုံး သုံးလလျှင် တစ်ကြိမ် ကျင်းပရမည်ဖြစ်ရာ ၂၀၂၆ ခုနှစ်၊ မေလအတွင်း ပြည်ထောင်စုနယ်မြေ စားသုံးသူကာကွယ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ၂၅-၅-၂၀၂၆ ရက်နေ့တွင်လည်းကောင်း၊ ချင်းပြည်နယ်စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ၂၆-၅-၂၀၂၆ ရက်နေ့တွင် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ် စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၇-၅-၂၀၂၆ ရက်နေ့တွင်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသဘကြီး စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ၂၈-၅-၂၀၂၆ ရက်နေ့တွင်လည်း ကောင်း၊ ကချင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၉-၅-၂၀၂၆ ရက်နေ့တွင်လည်းကောင်း၊ စုစုပေါင်း (၇) ကြိမ် ကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** ကော်မရှင်

## ပြည်တွင်း၊ ပြည်ပမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ

### ပထမအကြိမ် ယှဉ်ပြိုင်မှုနှင့် စားသုံးသူကာကွယ်ရေးလုပ်ငန်းအဖွဲ့အစည်းအဝေးသို့ တက်ရောက်ခဲ့

ပထမအကြိမ် ယှဉ်ပြိုင်မှုနှင့် စားသုံးသူကာကွယ်ရေး လုပ်ငန်းအဖွဲ့အစည်းအဝေးကို ၂၀၂၆ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့မှ ၁၀ ရက်နေ့အထိ ကိုရီးယားသမ္မတနိုင်ငံ၊ ဆိုးလ်မြို့တွင် ကျင်းပပြုလုပ်ခဲ့ရာ ကုန်သွယ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံယှဉ်ပြိုင်မှု ကော်မရှင်မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝေရည်ကျော်က လူကိုယ်တိုင်တက်ရောက်ခဲ့ပြီး၊ စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာမျိုးမျိုးထိုက်နှင့် ဘာသာရပ်တာဝန်ခံ အရာထမ်းများက Virtual စနစ်ဖြင့် တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါအစည်းအဝေးတွင် ယှဉ်ပြိုင်မှုနှင့် စားသုံးသူကာကွယ်ရေးအခန်းတွင် ပါဝင်သည့် အဓိကအချက်များ (Key Elements) ဖြစ်သော အခြေခံမူများ၊ ပူးပေါင်းဆောင်ရွက်မှု၊ သတင်းအချက်အလက်များ လျှို့ဝှက်ထိန်းသိမ်းမှု၊ နည်းပညာပူးပေါင်းဆောင်ရွက်မှုနှင့် အရင်းအမြစ်တည်ဆောက်ခြင်း၊ ဆွေးနွေးတိုင်ပင်မှုများ၊ ဆက်သွယ်ရန်တာဝန်ခံ ဌာန/ပုဂ္ဂိုလ်များနှင့် အငြင်းပွားမှု ဖြေရှင်းခြင်း လုပ်ငန်းစဉ်အား အသုံးမပြုခြင်းစသည်တို့ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား ဆွေးနွေးခဲ့ကြကြောင်း၊ ဆက်လက်၍ ယှဉ်ပြိုင်မှုနှင့် စားသုံးသူကာကွယ်ရေးအခန်းတွင် အွန်လိုင်းစားသုံးသူကာကွယ်ရေးဆိုင်ရာပြဋ္ဌာန်းချက် ထည့်သွင်းရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား သဘောတူညီခဲ့ကြောင်း သိရှိရပါသည်။

*စာမျက်နှာ ၅ ကော်လံ ၁ သို့*



## ပြည်နယ်များအတွင်း အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာနရှိပြည်နယ်ဦးစီးမှူးရုံးများသည် စားသုံးသူအခွင့်အရေးနှင့် အကျိုးစီးပွားများကို ကာကွယ်ရန် စားသုံးသူပြည်သူများအား အသိပညာပေးခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များအား စီးပွားရေးကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်နိုင်စေရန်အတွက် အသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ မေလ အတွင်း-

**ကချင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မြစ်ကြီးနားမြို့ရှိ မန်ခိန်ရပ်ကွက်ရှိ ကုန်မျိုးစုံရောင်းချသည့် လုပ်ငန်းရှင်နှင့် မိုးညှင်းမြို့ရှိ အလှကုန်ပစ္စည်း အမျိုးမျိုးရောင်းဝယ်ရေးလုပ်ငန်းရှင်များနှင့် စာရေးကိရိယာပစ္စည်း အမျိုးမျိုးရောင်းဝယ်ရေး လုပ်ငန်းရှင်များအား အသိပညာပေးဆွေးနွေးခဲ့ကြောင်း၊ ထို့အတူ မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်ရှိ စားသုံးသူပြည်သူများ၊ ဝိုင်းမော်မြို့၊ မြို့နယ်စည်ပင်သာယာဈေးရှိ စားသုံးသူပြည်သူများနှင့် မိုးညှင်းမြို့ မိုးဒါးစုရပ်ကွက်နှင့် အုတ်ကျင်းရပ်ကွက်ရှိ စားသုံးသူပြည်သူများအား စားသုံးသူကာကွယ်ရေး ဥပဒေပါသိကောင်းစရာများ၊ ကုန်အညွှန်းအမှတ်အသားဆိုင်ရာများနှင့် ပတ်သက်သည့် အခြေခံအချက်အလက်များ၊ စားသုံးသူနစ်နာဆုံးရှုံးမှုများရှိပါက တိုင်ကြားနိုင်သည့်နည်းလမ်းများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရှိရပါသည်။

**ကယားပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** လွိုင်ကော်မြို့ပေါ်ရှိ ရင်းနှီးမြှပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနရှိ ဝန်ထမ်းများ၊ အသေးစားစက်မှုလက်မှုဦးစီးဌာနနှင့် ရဲတပ်ဖွဲ့ဝင်များနှင့် အစားအသောက်ဖြန့်ဖြူးရောင်းချနေသော လုပ်ငန်းရှင်များအား ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင် ညွှန်ကြားချက်နှင့်အညီ ကုန်စည်များကို စနစ်တကျထုတ်လုပ်နိုင်ရန်အတွက် ကုန်အညွှန်းအမှတ်အသားအကြောင်းနှင့် စားသုံးသူနစ်နာဆုံးရှုံးမှုများနှင့်ပတ်သက်၍ တိုင်ကြားနိုင်သည့်နည်းလမ်းများအကြောင်းကို အသိပညာပေးဟောပြောခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါသည်။

**ကရင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** ဘားအံမြို့နှင့်မြဝတီမြို့ရှိ စားသုံးသူပြည်သူများနှင့် မြဝတီမြို့ရှိ စီးပွားရေးလုပ်ငန်းရှင်များအား စားသုံးသူကာကွယ်ရေး ဥပဒေပါသိကောင်းစရာများ၊ ကုန်အညွှန်းအမှတ်အသားဆိုင်ရာများနှင့် ပတ်သက်သည့် အခြေခံအချက်အလက်များ၊ စားသုံးသူနစ်နာဆုံးရှုံးမှုများရှိပါက တိုင်ကြားနိုင်သည့်နည်းလမ်းများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရှိရပါသည်။

**မွန်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မော်လမြိုင်မြို့၊ ပြည်နယ်ခန်းမနှင့် မုဒုံမြို့၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးခန်းမတို့၌ စားသုံးသူပြည်သူများ၊ ချောင်းဆုံမြို့၊ သက္ကောကျေးရွာ သောက်ရေသန့်စက်ရုံတို့၌ ဝန်ထမ်းများအား ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ ပေါ်ပေါက်လာပုံနှင့် စားသုံးသူကာကွယ်ရေးဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ စားသုံးသူအခွင့်အရေးများနှင့်

*စာမျက်နှာ ၂၂ ကော်လံ ၁ သို့*

စာမျက်နှာ ၁၉ မှ အဆက်

ကမာရွတ်မြို့နယ်ရ သတိုးသမီးဝတ်စုံအရောင်းဆိုင်လုပ်ငန်းတို့မှ လုပ်ငန်းရှင်များအား စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့် တာဝန်များအကြောင်း အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ငပုတောမြို့မြောက်ပိုင်း၊ အင်္ဂပူမြို့၊ ဇလွန်မြို့၊ မြန်အောင်မြို့နှင့် ကြံခင်းမြို့များရှိ ပြည်သူများ၊ ကျောင်းကုန်းမြို့နယ် ဝက်ခြံကျေးရွာ၊ သာပေါင်းမြို့နယ် ရွှေညောင်ပင်ကျေးရွာ၊ ပုသိမ်မြို့နယ် ဝက်ကြီးကွင်းကျေးရွာ၊ မြောင်းမြမြို့နယ်၊ ထော့ကလို့ကျေးရွာ၊ မီးသွေးချောင်းကျေးရွာနှင့် လပွတ်တလုတ်ကြီးကျေးရွာ၊ ဝါးခယ်မမြို့နယ် မောင်းတီးကျေးရွာ၊ ညောင်တုန်းမြို့ ရှေ့ဦးသူနာပြုသင်တန်းသားများ၊ ပြင်ကသာကျေးရွာ ဘုန်းတော်ကြီးကျောင်း ယဉ်ကျေးလိမ္မာသင်တန်းကျောင်းသားကျောင်းသူများနှင့် လင်းလွန်းပင်ကျေးရွာ၊ မအူပင်မြို့ အထည်ချုပ်စက်ရုံအလုပ်သမားများ၊ ဘိုကလေးမြို့၊ ပညာရေးဒီဂရီ ကောလိပ်ရှိ ဆရာ-ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ဘိုကလေးမြို့နယ် သူဇာဝကျေးရွာ၊ ဟိုင်းစီကျေးရွာနှင့် ဧရာကျေးရွာ၊ ကျိုက်လတ်မြို့နယ် အခြံကျောင်းကျေးရွာ၊ အထက်ဆင်ကူးကျေးရွာနှင့် အောက်ဆင်ကူးကျေးရွာ၊ ဒေးဒရဲမြို့နယ် ဝါးကမယ်ကျေးရွာနှင့် ဖိုးထုတ်ကျေးရွာများရှိ ကျေးရွာနေပြည်သူများ၊ အိမ်မဲမြို့၊ မော်လမြိုင်ကျွန်းမြို့၊ မအူပင်မြို့၊ ပန်းတနော်မြို့၊ ညောင်တုန်းမြို့၊ ဓနုဖြူမြို့နှင့် ဖျာပုံမြို့နယ်များရှိ မီးသတ်ဦးစီးဌာနဝန်ထမ်းများ၊ လပွတ္တာခရိုင် လပွတ္တာမြို့ ရဲတပ်ဖွဲ့ရုံးရှိ အရာထမ်း၊အမှုထမ်းများ ၊ မိသားစုဝင်များအား စားသုံးသူအခွင့်အရေး၊ တာဝန်၊ စားသုံးသူများ လိုက်နာဆောင်ရွက်ရမည့်အချက်များအား အကျယ်တဝင့် ဟောပြောခဲ့ကြောင်း၊ ဟသ်ာတမြို့၊ ဝါးခယ်မမြို့၊ အိမ်မဲမြို့၊ လပွတ္တာမြို့၊ မြောင်းမြမြို့၊ မော်ကျွန်းမြို့၊ မအူပင်မြို့၊ ပန်းတနော်မြို့၊ ညောင်တုန်းမြို့၊ ဓနုဖြူမြို့နှင့် ဖျာပုံမြို့များရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Center ခန်းမများတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးနှင့်စပ်လျဉ်းသည့် သိကောင်းစရာများအား Talk Show အစီအစဉ်များ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**နေပြည်တော်ဦးစီးမှူးရုံးအနေဖြင့်** ပျဉ်းမနားမြို့၊ ယုဇနဈေးနှင့် ဇေယျာသီရိမြို့နယ်၊ ပြည်စံအောင်ဈေးတို့ရှိ စားသုံးသူ ပြည်သူများအား စားသုံးသူကတောင်းဆိုနိုင်သည့် အခွင့်အရေး၊ ကုန်ပစ္စည်းအမှတ်အသားဖော်ပြခြင်းနှင့် စပ်လျဉ်း၍ သိသာထင်ရှားစွာ ဖော်ပြရမည့်အချက်များ၊ စားသုံးသူနစ်နာဆုံးရှုံးမှုနှင့်စပ်လျဉ်း၍ တိုင်ကြားနိုင်သည့် နည်းလမ်းများ၊ ဖြေရှင်းဆောင်ရွက်ပေးမှု အခြေအနေများနှင့် Online Sale မှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်များကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း၊ ဇမ္ဗူသီရိမြို့နယ်၊ အလျင်လိုကျေးရွာရှိ ဆားလုပ်ငန်းရှင်များအား စီးပွားရေးလုပ်ငန်းရှင်များလိုက်နာရမည့် တာဝန်တွရားများအကြောင်း အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**Source:** တိုင်းဒေသကြီးဦးစီးမှူးရုံးများ



စာမျက်နှာ ၄ မှအဆက်

ထို့အပြင် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ၏ ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အာဆီယံနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များအား ထိရောက်ပြီး နှစ်ဦးနှစ်ဖက် အကျိုးရှိစေရန်အတွက် နှစ်ရှည်စီမံကိန်းများဖြင့် ဆောင်ရွက်သွားရန် ဆွေးနွေးခဲ့ကြကြောင်း၊ ဒုတိယအကြိမ် ယှဉ်ပြိုင်မှုနှင့် စားသုံးသူကာကွယ်ရေးလုပ်ငန်းအဖွဲ့အစည်းအဝေးကို ၂၀၂၆ ခုနှစ်၊ ဩဂုတ်လတွင် Virtual စနစ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ယှဉ်ပြိုင်မှုနှင့် စားသုံးသူကာကွယ်ရေးအခန်းပါ ရည်ရွယ်ချက်၊ ယှဉ်ပြိုင်မှုဥပဒေဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ယှဉ်ပြိုင်မှုကို ဆန့်ကျင်သည့် ဆောင်ရွက်ချက်များအပေါ် သင့်လျော်သောအရေးယူဆောင်ရွက်မှုများစသည့် အပိုဒ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** ကော်မရှင်

## စားသုံးသူတိုင်ကြားမှုနှင့် ဖြေရှင်းပေးမှုကဏ္ဍ

### ဟိုတယ်ဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်နေ တိုင်ကြားသူတစ်ဦးသည် ပုဂံမြို့ရှိ ဟိုတယ်တစ်ခု၏ ရေကူးကန်ဘေးရှိ ဘန်ဂလိုများတွင် လူအယောက် (၃၀) တည်းခိုခဲ့ရာ အခန်းများမှာ ဘုတ်ပြားများဖြင့် ဆောက်ထားပြီး တစ်ဖက်ခန်းမှ လမ်းလျှောက်လျှင် လှုပ်နေခြင်း၊ စကားပြောသံ၊ အိမ်သာရေချိုးသံများမှာ အတိုင်းသားကြားနေရခြင်း၊ ဟိုတယ်ဟု ဆိုင်းဘုတ် တင်ထားသော်လည်း တည်းခိုခန်းသာသာ Quality စံချိန်မမီသောကြောင့် ပေးရသည့်တန်ဖိုးနှင့် ဝန်ဆောင်မှု မကိုက်ညီခြင်းအပေါ် ငွေကြေးပေးချေရခြင်းများသည် စားသုံးသူအပေါ် မျှတမှုမရှိသဖြင့် ဟိုတယ်သို့ (၂) ရက် တည်းခိုမည့် အစီအစဉ်ဖြင့် ငွေကျပ် ၁,၁၂၇,၀၀၀/- ပေးသွင်းခဲ့မှုနှင့် စပ်လျဉ်း၍ (၁) ညသာ တည်းခိုပြီး နောက်ရက်ဆက်မနေလိုပါသဖြင့် ပြောကြားခဲ့ရာ Booking တင်ပြီး မနေဖြစ်ခြင်းအား ဟိုတယ် Policy အတိုင်း တစ်ရက်စာ Booking ၏ ထက်ဝက်ပေးချေရန် တောင်းခံခဲ့ကြောင်း၊ ညှိနှိုင်းခဲ့မှုအရ ငွေကျပ် ၄၀၀,၀၀၀/- ပေးအပ်ခဲ့ရပါသဖြင့် စားသုံးသူရေးရာဦးစီးဌာနသို့ ဆက်သွယ်တိုင်ကြားလာပါသည်။

အဆိုပါ တိုင်ကြားမှုနှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်စိစစ်ခဲ့ရာ လုပ်ငန်းရှင်မှ စားသုံးသူကာကွယ်ရေးဥဒေပုဒ်မ ၂၁ (ဆ) နှင့် ပုဒ်မ ၂၆ (ခ) တို့အား ဖောက်ဖျက်ကျူးလွန်ကြောင်း တွေ့ရှိရသည့်အတွက် တိုင်ကြားခံရသည့်ဟိုတယ်အား သတိပေးခြင်း အမိန့်ချမှတ်ခဲ့ပြီး နောက်နောင်တွင် အလားတူ ဖြစ်စဉ်မျိုး ထပ်မံမပေါ်ပေါက်စေရေး အထူးအလေးထား လိုက်နာဆောင်ရွက်ရန်နှင့် ဦးစီးမှူးရုံးမှချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာအမိန့်အား ဟိုတယ်ပိုင်ရှင် လက်ဝယ်သို့ ပေးအပ်ဆောင်ရွက်ခဲ့ကြောင်း၊ တိုင်ကြားသူကလည်း မန္တလေးတိုင်း

စာမျက်နှာ ၆ ကော်လံ ၁ သို့

*စာမျက်နှာ ၅ မှ အဆက်*

ဒေသကြီးဦးစီးမှူးရုံး၏ သတိပေးခြင်း အမိန့်ချမှတ်ခဲ့မှုအပေါ် ကျေနပ်မှုရှိခဲ့ပါကြောင်း၊ ထို့နောက် တိုင်ကြားမှုအပေါ် ဆောင်ရွက်မှုအခြေအနေအား မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာ ကော်မတီသို့ တင်ပြခဲ့ရာ သတိပေးမိန့်ချမှတ်ခဲ့မှုအား ဟိုတယ်နှင့်ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးသို့ အကြောင်းကြားစာ ပေးပို့သွားရန် ဆုံးဖြတ်ခဲ့ပါသဖြင့် စားသုံးသူကာကွယ်ရေး ဥပဒေ ပုဒ်မ ၅၂ (က) အရ သတိပေးခြင်း အမိန့်ချမှတ်ခဲ့ပြီးဖြစ်ပါကြောင်း သိရှိနိုင်ပါရန်နှင့် ဟိုတယ်နှင့် ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်ရေး အကြောင်းကြားစာပေးပို့ခဲ့ပြီး တိုင်ကြားမှုအား ပိတ်သိမ်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: CICC**

## ပို့ဆောင်ရေးဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်နေ တိုင်ကြားသူတစ်ဦးသည် ပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းတစ်ခုဖြင့် စွန်ရစ်ဘီးပေးပို့ခဲ့ရာ ရောက်ရှိချိန်တွင် ကျိုးပဲ့လာမှုအပေါ် တာဝန်ယူဆောင်ရွက်ပေးခြင်း မရှိသောကြောင့် စားသုံးသူရေးရ ဦးစီးဌာန၏ Website Complaint System မှတစ်ဆင့် တိုင်ကြားလာပါသည်။

အဆိုပါတိုင်ကြားမှုနှင့်ပတ်သက်၍ ဌာနမှ တာဝန်ရှိသူများသည် တိုင်ကြားခံရသည့် ပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းနှင့် တွေ့ဆုံဆွေးနွေးခဲ့ရာ ပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းအနေဖြင့် ပါဆယ်နှင့်ပတ်သက်သော အခြေအနေအား ဖြေရှင်းရာတွင် ပါဆယ်ပစ္စည်း စတင်ပို့ဆောင်သော ပေးပို့သူနှင့်သာ အဆင်ပြေအောင် ဆက်လက်ဖြေရှင်းသွားမည်ဖြစ်ကြောင်း၊ ပေးပို့သူအား ဆက်သွယ်၍ ပေးပို့သော ပါဆယ်ပစ္စည်းနှင့် ပတ်သက်ပြီး ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ကျိုးပဲ့သွားသော စွန်ရစ်ဘီးအား ပြင်ဆင်ရန်အတွက် ငွေကျပ် ၆၀,၀၀၀/- ပေးချေရန် သဘောတူညီသဖြင့် ၁၀-၄-၂၀၂၆ ရက်နေ့တွင် တိုင်ကြားသူထံသို့ ငွေသားပေးလျော်ခဲ့ပြီးဖြစ်ပါကြောင်း ပေးလျော်ခဲ့သည့် အထောက်အထားများနှင့်တကွ အကြောင်းပြန်ကြားလာသဖြင့် တိုင်ကြားမှုအား ၄-၅-၂၀၂၆ ရက်နေ့တွင် ပိတ်သိမ်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: CICC**

## အစားအသောက်မှာယူခြင်းနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်နေ တိုင်ကြားသူတစ်ဦးသည် အစားအသောက်ပို့ဆောင်ရေးကုမ္ပဏီတစ်ခုမှ တစ်ဆင့် Junction City တွင် ဖွင့်လှစ်ထားသော Black Canyon ဆိုင်မှ ငွေကျပ် ၂၅,၁၅၅/- တန်ဖိုးရှိ Spicy Pan Fried Spaghetti တစ်ပွဲအား CB Bank မှတဆင့် ငွေပေးချေ၍ မှာယူခဲ့ရာ Rider မှ Order အား လာရောက်ပို့ဆောင် ပေးခြင်းမရှိသည့်အပြင် Order တန်ဖိုးငွေအား ပြန်လည်အမ်းပေးခြင်း မရှိသောကြောင့် စားသုံးသူရေးရာဦးစီးဌာန၏ Website Complaint System မှတစ်ဆင့် တိုင်ကြားလာပါသည်။

*စာမျက်နှာ ၇ ကော်လံ ၁ သို့*



*စာမျက်နှာ ၁၈ မှ အဆက်*

စားသုံးသူပြည်သူများအား စားသုံးသူအခွင့်အရေးနှင့် နစ်နာဆုံးရှုံးမှုများအတွက် ဖြေရှင်းပေးမှုများကို အကျယ်တဝင့်ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။ လုပ်ငန်းရှင်တွေ့ဆုံဆွေးနွေးခြင်းအနေဖြင့် ပြည်ကြီးတံခွန်မြို့နယ်၊ မုန့်မျိုးစုံ ရောင်းချသည့်လုပ်ငန်းရှင်၊ ချမ်းမြသာစည်မြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်ရှိ စားသောက်ဆိုင်လုပ်ငန်းရှင်များ၊ ကျောက်ဆည်မြို့၊ ပြင်ဦးလွင်မြို့ရှိ စားအုန်းဆီနှင့် အကြော်စုံရောင်းချသည့် လုပ်ငန်းရှင်များအား ကုန်စည်ပို့ဆောင်မှုလုပ်ငန်းများကလည်း တရားမဝင်ကုန်ပစ္စည်းများကို သယ်ယူပို့ဆောင်ခြင်းမပြုရန်၊ လုပ်ငန်းရှင်ကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်ကြရန် ဆွေးနွေးခဲ့ကြောင်း၊ အမရပူရမြို့၊ မြစ်သားမြို့၊ ပြင်ဦးလွင်မြို့၊ ကျောက်ဆည်မြို့၊ သာစည်မြို့၊ မြင်းခြံမြို့၊ ညောင်ဦးမြို့နှင့် ကျောက်ပန်းတောင်းမြို့များရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Center ခန်းမများတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးနှင့်စပ်လျဉ်းသည့် သိကောင်းစရာများအား Talk Show အစီအစဉ်များ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်**

ရန်ကင်းမြို့နယ်ရှိ ကံဘဲ့ဘူတာဈေး၊ သာကေတမြို့နယ်ရှိ ခိုင်ရွှေဝါဈေး၊ ကြည့်မြင်တိုင်မြို့နယ်ရှိ ကမ်းနားဈေး၊ အလုံမြို့နယ်ရှိ အလုံဈေး၊ မရမ်းကုန်းမြို့နယ်ရှိ မြဂန္ဓာမာဈေး၊ တိုက်ကြီးမြို့နယ်ရှိ မင်္ဂလာရပ်ကွက်၊လမ်းသွယ်(၂)၊ အင်းစိန်မြို့နယ်ရှိ အင်းစိန်ဗဟိုအကျဉ်းထောင်၊ လှည်းကူးမြို့နယ်ရှိ မြို့မဈေး (စည်ပင်သာယာခန်းမ)၊ မှော်ဘီမြို့နယ်ရှိ မြို့မဈေး (စည်ပင်သာယာခန်းမ)၊ သုံးခွမြို့နယ်၊ ကွင်းခြံကုန်းမြို့နယ်၊ ပုဇွန်တောင်မြို့နယ်တို့ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးရုံးတို့ရှိ စားသုံးသူပြည်သူများ၊ ခရမ်းမြို့နယ်ရှိ စာဖတ်ဝိုင်းရှိ စားသုံးသူပြည်သူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးခဲ့ကြောင်း၊ ထို့ပြင် အင်းစိန်မြို့နယ်နှင့် ခရမ်းမြို့နယ်တို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးတို့ရှိ စားသုံးသူများ ဝန်ဆောင်မှုပေးခြင်းနှင့် စပ်လျဉ်း၍ အသိပညာပေး Talk Show များကျင်းပပြု လုပ်ခဲ့ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင် တွေ့ဆုံခြင်းအနေဖြင့် လှိုင်မြို့နယ်ရှိ ရန်ကုန် Baby ကလေးအရောင်းပစ္စည်းဆိုင်၊ မရမ်းကုန်းမြို့နယ်ရှိ ကလေးအရောင်းပစ္စည်းဆိုင်၊ ဒလမြို့နယ်ရှိ Enjoy Food & Drink အစားအသောက်နှင့် အချိုရည်လုပ်ငန်း၊ ကျောက်တန်းမြို့နယ်ရှိ ဂဏန်းပျော့မွေးမြူရောင်းဝယ်ရေးလုပ်ငန်း၊ သန်လျင်မြို့နယ်ရှိ ကြိမ်၊ ပရိဘောဂနှင့် ကြိမ်ထည်ပစ္စည်းအမျိုးမျိုးလုပ်ငန်း၊ လှိုင်သာယာမြို့နယ်ရှိ MBT ဆက်သွယ်ရေး၊ လှိုင်သာယာမြို့နယ်ရှိ မုန့်စက်ရုံနှင့် ဆီးထုတ်စက်ရုံ၊ ရွှေပြည်သာမြို့နယ်ရှိ ACCV Co:Ltd အားဖြည့်အချိုရည်စက်ရုံ၊ တောင်ဒဂုံမြို့နယ်ရှိ ငါးမုန့်လုပ်ငန်းနှင့် အသင့်စားစားသောက်ကုန်လုပ်ငန်း၊ သန်လျင်မြို့နယ်ရှိ ရွှေတော်ဝင် ပဲမျိုးစုံသန့်စင်စက်လုပ်ငန်းနှင့် ဆန်အမျိုးမျိုးကြိတ်ခွဲ ရောင်းဝယ်ခြင်းလုပ်ငန်း၊ ကျောက်တန်းမြို့နယ်ရှိ ပုဇွန်ခြောက်စားသောက်ကုန်လုပ်ငန်း၊ ကော့မှူးမြို့နယ်ရှိ စားသောက်ဆိုင်လုပ်ငန်းနှင့်

*စာမျက်နှာ ၂၀ ကော်လံ ၁ သို့*

*စာမျက်နှာ ၁၇ မှအဆက်*

ကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခဲ့ပြီး၊ နတ်တလင်းမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးနှင့်စပ်လျဉ်း သိကောင်းစရာများအား Talk Show အစီအစဉ်များဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ရေနံချောင်းမြို့၊ ချောက်မြို့၊ မြို့သစ်မြို့၊ ပွင့်ဖြူမြို့နှင့် မင်းဘူးမြို့ရှိ စားသုံးသူပြည်သူများ၊ တောင်တွင်းကြီးမြို့၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် စိုက်ပျိုးရေး ချေးငွေထုတ်တောင်သူများ၊ တောင်တွင်းကြီးမြို့၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မကွေးမြို့ရှိ ဗဟိုအကျဉ်းထောင်ရှိ ဝန်ထမ်းများ၊ မကွေးမြို့ရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရှိ သင်တန်းသား-သင်တန်းသူများ၊ ပွင့်ဖြူမြို့၊ ဇီးတောကျေးရွာတွင် မိဘပြည်သူများ၊ ဂန့်ဂေါမြို့၊ မြို့မရပ်ကွက်ရှိ CHRIST JESUS ကျောင်းရှိ ကျောင်းသား-ကျောင်းသူများ၊ ဆိပ်ဖြူမြို့၊ ရွာသစ်ရပ် စာသင်ဝိုင်းရှိ ကျောင်းသား-ကျောင်းသူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ ထို့ပြင် သရက်မြို့၊ အောင်လံမြို့၊ ဆင်ပေါင်ဝဲမြို့၊ ပခုက္ကူမြို့နှင့် ဆိပ်ဖြူမြို့များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေး Talk Show အစီအစဉ် ကျင်းပပြုလုပ်ခဲ့ကြောင်း၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းအနေဖြင့် တောင်တွင်းကြီးမြို့များရှိ သောက်ရေသန့် ရောင်းချသည့် လုပ်ငန်းရှင်၊ မကွေးမြို့၊ မြို့သစ်မြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ စလင်းမြို့နှင့် ပွင့်ဖြူမြို့များရှိ စတိုးဆိုင်များ၊ ကုန်မျိုးစုံဆိုင်များနှင့် စားသောက်ကုန်လုပ်ငန်းရှင်များ၊ ရေနံချောင်းမြို့ရှိ ဆေးနှင့်ဆေးပစ္စည်းရောင်းချသည့် လုပ်ငန်းရှင်၊ မင်းဘူးမြို့များရှိ စားသုံးဆီရောင်းချသည့် လုပ်ငန်းရှင်များ၊ သရက်ခရိုင်အတွင်း သရက်မြို့၊ အောင်လံမြို့၊ ဆင်ပေါင်ဝဲမြို့များရှိ စတိုးဆိုင်၊ ကုန်မျိုးစုံအရောင်းဆိုင်၊ စားသောက်ကုန်လုပ်ငန်းရှင်များ၊ သရက်မြို့၊ ဗိုလ်ချုပ်လမ်းရှိ လက်ဖက်ရည်ဆိုင်လုပ်ငန်းရှင်၊ အောင်လံမြို့၊ ကံကြီးရပ်ရှိ စားသောက်ဆိုင်လုပ်ငန်းရှင်၊ ပခုက္ကူမြို့၊ ဆိပ်ဖြူမြို့များရှိ စားသုံးဆီရောင်းချသည့် လုပ်ငန်းရှင်များ၊ ပခုက္ကူမြို့ရှိ စတိုးဆိုင်၊ ကုန်မျိုးစုံရောင်းဆိုင်၊ စားသောက်ကုန်လုပ်ငန်းရှင်များ၊ ဆိပ်ဖြူမြို့ရှိ သောက်ရေသန့်ရောင်းချသည့် လုပ်ငန်းရှင်၊ ဂန့်ဂေါမြို့ရှိ ဆေးနှင့်ဆေးပစ္စည်းရောင်းချသည့် လုပ်ငန်းရှင်များအား စီးပွားရေးလုပ်ငန်းရှင်များလိုက်နာရမည့် တာဝန်များအကြောင်း အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ပြင်ဦးလွင်မြို့ရှိ ခရိုင်မီးသတ်ဝန်ထမ်းများနှင့်မြို့နယ်မီးသတ်ဝန်ထမ်းများ၊ ကျောက်ဆည်မြို့နယ်၊ လက်ပန်ပင်ကျေးရွာ၊ စဉ့်ကိုင်မြို့နယ်၊ ကြည်ရွာကျေး၊ မြစ်သားမြို့နယ်၊ ဥသျှစ်ကုန်းကျေးရွာ၊ မိတ္ထီလာမြို့နယ်၊ ကန်တိုင်ပေါက်ကျေးရွာ ရမည်းသင်းမြို့နယ် လျှော်ဖြူကိုင်းကျေးရွာ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်ရွာ မကျေးရွာ၊ သာစည်မြို့နယ်၊ ရွာမွန်သာကျေးရွာနှင့် ငှက်မင်းကုန်း ကျေးရွာရှိ

*စာမျက်နှာ ၁၉ ကော်လံ ၁ သို့*



*စာမျက်နှာ ၆ မှ အဆက်*

အဆိုပါတိုင်ကြားမှုနှင့်ပတ်သက်၍ ဌာနမှ တာဝန်ရှိသူများက တိုင်ကြားခံရသည့် အစားအသောက်ပို့ဆောင်ရေး ကုမ္ပဏီမှ တာဝန်ရှိသူများထံ ဆက်သွယ်ဆောင်ရွက်ခဲ့မှုအပေါ် တိုင်ကြားခံရသည့်ကုမ္ပဏီမှ တိုင်ကြားသူသည် အစားအသောက်မှာယူရာ၌ ယခုကဲ့သို့ အဆင်မပြေမှုကြုံတွေ့ရခြင်းအပေါ် စိတ်မကောင်းဖြစ်ရပါကြောင်း၊ တိုင်ကြားသူအား ရုံးဘက်မှ ဖုန်းဖြင့် တိုက်ရိုက်ဆက်သွယ်ပြီး ကြုံတွေ့ခဲ့ရသော အဆင်မပြေမှုများအတွက် သေချာစွာတောင်းပန်စကား ပြောကြားခဲ့ပါကြောင်း၊ ထို့အပြင် အော်ဒါမရောက်ရှိဘဲ ဘဏ်ကတ်မှ ငွေဖြတ်တောက်သွားခြင်းအပေါ် Refund Process ကိုလည်း ဆောင်ရွက်ပြီးဖြစ်သလို ဝန်ဆောင်မှုအသုံးပြုစဉ် အဆင်မပြေမှုများဖြစ်ပွားခဲ့သည့်အတွက် နောက်တစ်ကြိမ်မှာယူသည့်အခါ ကျေနပ်မှုရှိစေရန် Food Code ကိုလည်း ထည့်သွင်းပေးထားပြီးဖြစ်ပါကြောင်း အကြောင်းပြန်ကြားလာသဖြင့် ဌာနမှ တာဝန်ရှိသူများသည် တိုင်ကြားသူထံ ဆက်သွယ်မေးမြန်းခဲ့ရာ အစားအသောက်ပို့ဆောင်ရေးကုမ္ပဏီမှ ဆောင်ရွက်ပေးမှုအပေါ် ကျေနပ်မှုရှိပါကြောင်းနှင့် တိုင်ကြားမှုအား ပိတ်သိမ်းလိုကြောင်း ပြောကြားလာသဖြင့် ၈-၅-၂၀၂၆ ရက်နေ့တွင် ပိတ်သိမ်းခဲ့ကြောင်းသတင်း ရရှိပါသည်။

**Source: CICC**

၂၀၂၆ ခုနှစ်၊ မေလအတွင်း CICC များသို့ တိုင်ကြားမှု၊ ဖြေရှင်းပြီးစီးမှုနှင့်ဖြေရှင်းရန်ကျန်စာရင်း

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် / ခရိုင် | မေလ တိုင်ကြားမှု | | တိုင်ကြားမှုနည်းလမ်းများ | | | | တိုင်ကြားမှု | | | ဖြေရှင်းပြီးစီးမှု | | | | ဖြေရှင်းရန်ကျန်ရှိမှု | ဆောင်ရွက်မှုအခြေအနေ (%) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ကုန်စည် | ဝန်ဆောင်မှု | Website | FB Page/ စာ/ဖုန်း/ email | ၁၅၃၅ Call Center | ဦးစီးမှူးရုံး | ဧပြီလ ဖြေရှင်းရန်ကျန် | မေလ | ပေါင်း | ဧပြီလ လက်ကျန်မှ | မေလ ကုန်စည် | မေလ ဝန်ဆောင်မှု | ပေါင်း | | |
| ၁ | ကချင်ပြည်နယ် | | | | | | | | | | | | | | | |
| ၂ | ကယားပြည်နယ် | | | | | | | | | | | | | | | |
| ၃ | ကရင်ပြည်နယ် | | ၂ | ၂ | | | | | ၂ | ၂ | | | ၁ | ၁ | ၁ | ၅၀.၀၀% |
| ၄ | ချင်းပြည်နယ် | | | | | | | | | | | | | | | |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | | ၁ | | ၁ | | | | ၁ | ၁ | | | | ၀ | ၁ | ၀.၀၀% |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | | ၁ | ၁ | | | | | ၁ | ၁ | | | | ၀ | ၁ | ၀.၀၀% |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၁ | ၁ | | ၂ | | | ၁ | ၂ | ၃ | | | ၁ | ၁ | ၂ | ၃၃.၃၃% |
| ၈ | မကွေးတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁ | ၂ | | | ၂ | ၁ | ၁၃ | ၃ | ၁၆ | ၆ | | | ၆ | ၁၀ | ၃၇.၅၀% |
| ၁၀ | မွန်ပြည်နယ် | | | | | | | | | | | | | | | |
| ၁၁ | ရခိုင်ပြည်နယ် | | | | | | | | | | | | | | | |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၂ | ၃၂ | ၂၄ | ၈ | | ၂ | ၄၆ | ၃၄ | ၈၀ | ၃၇ | | ၇ | ၄၄ | ၃၆ | ၅၅.၀၀% |
| ၁၃ | ရှမ်းပြည်နယ် | | | | | | | ၂ | | ၂ | ၂ | | | ၂ | ၀ | ၁၀၀.၀၀% |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | | ၁ | ၁ | | | | ၃ | ၁ | ၄ | ၂ | | | ၂ | ၂ | ၅၀.၀၀% |
| ၁၅ | ပြည်ထောင်စုနယ်မြေ | ၁ | ၁ | | | | ၁ | | ၂ | ၂ | | ၁ | | ၁ | ၁ | ၅၀.၀၀% |
| ၁၆ | စားသုံးသူရေးရာဦးစီးဌာန (ရုံးချုပ်) | | | | | | | | | | | | | | | |
| | စုစုပေါင်း | ၅ | ၄၁ | ၂၈ | ၁၁ | ၂ | ၄ | ၆၅ | ၄၆ | ၁၁၁ | ၄၇ | ၁ | ၉ | ၅၇ | ၅၄ | ၅၁.၃၅% |
| | | ၄၆ | | ၄၅ | | | | | | | | ၁၀ | | | | |

**Source: CICC**

# ထုတ်ကုန်လုံခြုံစိတ်ချရမှုကဏ္ဍ

## တိုင်းဒေသကြီးများအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှု ရှိစေရေး၊ ကုန်စည်နှင့်ဝန်ဆောင်မှုများ ဘေးအန္တရာယ် ကင်းရှင်းစွာ အသုံးပြုခွင့်ရရှိစေရေး၊ ဘေးအန္တရာယ်ရှိသော ကုန်စည်များ ဈေးကွက်အတွင်းမှ ပပျောက်သွားစေရေး၊ စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးအလိုက် စားသုံးသူရေးရာကော်မတီက သတ်မှတ်ပေးထားသည့် တစ်နှစ်စာအတွင်း ဦးစားပေးဆောင်ရွက်မည့် ကုန်စည် (၁၀) မျိုးကို သက်ဆိုင်ရာမိတ်ဖက်ဌာန အဖွဲ့အစည်းများ နှင့်ပူးပေါင်း၍ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းနှင့် အထူး ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ မေလအတွင်း -

**စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ဈေးကွက်အတွင်းရောင်းချနေသော စားသောက်ကုန်များ၊ လူသုံးကုန်များ၊ စက်ရုံများ၊ ဆေးဝါးမျိုးစုံနှင့် စက်သုံးဆီ များအား ဈေးကွက်စောင့်ကြည့်စစ်ဆေးလျက်ရှိရာ တစ်နှစ်စာအတွင်း ဦးစားပေးဆောင်ရွက်ရန် လျာထား သည့် ကုန်စည် (၁၀) မျိုးဖြစ်သည့် အသင့်ဖျော်ကော်ဖီနှင့် လက်ဖက်ရည်ထုပ်အမျိုးမျိုး၊ တိုင်းရင်းဆေးအမျိုးမျိုး၊ အာဟာရဖြည့်စွက်စာအမျိုးမျိုး၊ အလှကုန်ပစ္စည်းအမျိုးမျိုး၊ ဟင်းလျာများတွင် အရောင်၊ အနံ့၊ အရသာအတွက် အသုံးပြုသော ပစ္စည်းအမျိုးမျိုး၊ ကလေးတစ်ကိုယ်ရည် သန့်ရှင်းရေးသုံးပစ္စည်းအမျိုးမျိုး၊ အရန်သင့်အစားအစာ အမျိုးမျိုး၊ သောက်ရေသန့်အမျိုးမျိုး၊ စားသုံးဆီအမျိုးမျိုး၊ အသင့်သောက်အချိုရည်အမျိုးမျိုးတို့အား ဈေးကွက် စောင့်ကြည့်စစ်ဆေးခြင်း (၂၁) ကြိမ် ဆောင်ရွက်ခဲ့ ကြောင်း သိရှိရပါသည်။

**တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ထားဝယ်မြို့ပေါ်နှင့် ကမ်းနားပွဲကျဈေးရှိ ဆေးဆိုင်များ၊ မြိတ်မြို့ပေါ်ရှိ ဆေးဆိုင်များ၊ စည်ပင်သာယာဈေးကြီးနှင့် Shopping Center များ၊ ကော့သောင်းမြို့ပေါ်ရှိ ကုန်စုံ ဆိုင်များ၊ မုန့်တိုက်များနှင့် Mini Market များအား ဈေးကွက်အတွင်း အစိုးရအခွန်တံဆိပ်အတု ထုတ်ကုန် များနှင့် အတုအပရောင်းချခြင်းများ ရှိ-မရှိ၊ သက်ဆိုင်ရာ ထောက်ခံချက်များ မပါရှိသည့် စားသုံးဆီများ ရောင်းချ နေမှုများ ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ပဲခူးမြို့ စည်ပင်သာယာရေးဈေးရှိ ကုန်စုံဆိုင်များ၊ ဈေးပိုင်း ရပ်ကွက်ရှိ စတိုးဆိုင်များ၊ တောင်ငူခရိုင် တောင်ငူမြို့၊ ရေတာရှည်မြို့၊ ဖြူးမြို့၊ အုတ်တွင်းမြို့တို့ရှိ ကုန်စုံဆိုင်များ၊ စတိုးဆိုင်များနှင့် ဆေးဆိုင်များ၊ ပြည်ခရိုင် ပြည်မြို့၊ ရွှေတောင်မြို့၊ ပန်းတောင်းမြို့နှင့် ပေါက်ခေါင်းမြို့တို့ရှိ ကုန်စုံဆိုင်များ၊ စတိုးဆိုင်များနှင့် ဆေးဆိုင်များ၊ သာယာဝတီခရိုင် သာယာဝတီမြို့၊ မိုးညိုမြို့၊ ကြို့ပင် ကောက်မြို့၊ အုတ်ဖိုမြို့၊ လက်ပံတန်းမြို့နှင့် မင်းလှမြို့တို့ရှိ ကုန်စုံဆိုင်များ၊ စတိုးဆိုင်များနှင့် ဆေးဆိုင်များ၊

*စာမျက်နှာ ၉ ကော်လံ ၁ သို့*



*စာမျက်နှာ ၁၆ မှ အဆက်*

**စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ကလေးမြို့၊ စမ်းမြို့ရပ်ကွက်ရှိ ကိုယ်ပိုင်အထက်တန်း ကျောင်းရှိ ဆရာ-ဆရာမများနှင့်ကျောင်းသား-ကျောင်းသူ များ၊ ကလေးဝမြို့ စည်ပင်ရုံးတွင် ဌာနဆိုင်ရာ ဝန်ထမ်း များ၊ ဖောင်းပြင်မြို့၊ ကျွန်းရွှေဝါရပ်ကွက်ရှိ ပြည်သူများ၊ ကန့်ဘလူမြို့၊ သောက်ရေသန့်စက်ရုံရှိ ဝန်ထမ်းများ၊ ကျွန်းလှမြို့ အင်ကြင်းမြိုင်ရပ်ကွက်ရှိ ကိုယ်ပိုင်အထက် တန်းကျောင်းရှိ ဆရာ-ဆရာမများနှင့်ကျောင်းသား- ကျောင်းသူများ၊ စစ်ကိုင်းမြို့ အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနရှိ ဝန်ထမ်းများ၊ တန်ဖိုးမြှင့်ထုတ်ကုန် မုန့်မျိုးစုံသင်တန်းရှိ သင်တန်းသားများ၊ မုံရွာမြို့၊ မြေပဲစားလှော်အလုပ်ရုံရှိ ဝန်ထမ်းများအား စားသုံးသူ ကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောခဲ့ကြပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပါကြောင်း၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး အသိပညာပေးခြင်း အနေဖြင့် တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် (၁) ကြိမ်၊ ကလေးခရိုင်ဦးစီးမှူးရုံးအနေဖြင့် (၄) ကြိမ်၊ ကန့်ဘလူခရိုင် ဦးစီးမှူးရုံးအနေဖြင့် (၂) ကြိမ်၊ စစ်ကိုင်းခရိုင်ဦးစီးမှူး ရုံးအနေဖြင့် (၅) ကြိမ်၊ မုံရွာခရိုင်ဦးစီးမှူးရုံးအနေဖြင့် (၂) ကြိမ်၊ ယင်းမာပင်ခရိုင်ဦးစီးမှူးရုံးအနေဖြင့် (၂) ကြိမ်၊ ရွှေဘိုခရိုင်ဦးစီးမှူးရုံးအနေဖြင့် (၄) ကြိမ်၊ စုစုပေါင်း (၂၀) ကြိမ် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်နှင့် သက်ဆိုင်သော လက်ကမ်းစာစောင်များ၊ စားသုံးသူ ကာကွယ်ရေး ဥပဒေစာအုပ်များ ဖြန့်ဝေခဲ့ကြောင်း သိရှိ ရပါသည်။

**တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ထားဝယ်မြို့၊ သူနာပြုသင်တန်းကျောင်း၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဖွင့်လှစ်သော နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်း ကျောင်း၊ မြိတ်မြို့ရှိ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုး တိုးတက်ရေး ယောက်ျားလေးပရဟိတဂေဟာနှင့် မိဘမဲ့ မိန်းကလေးဂေဟာ၊ ကော့သောင်းမြို့ ကုန်သည်ကြီးများ အသင်း၊ အ. ထ. က(၂) ကျောင်းရှိ ဆရာ-ဆရာမများနှင့် ကျောင်းသား-ကျောင်းသူများအား စားသုံးသူ ကာကွယ်ရေးဥပဒေပါ သိကောင်းစရာများအကြောင်း ဟောပြောဆွေးနွေးခြင်း၊တိုင်ကြားနိုင်ပါကြောင်းနှင့် တိုင်ကြားနိုင်သည့် နည်းလမ်းများ အသိပညာပေးဆွေးနွေး ခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိ ရပါသည်။

**ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** တောင်ငူခရိုင် အုတ်တွင်းမြို့၊ ကသစ်တန်းရပ်ကွက်ရှိ ပြည်သူများ၊ ပြည်ခရိုင်၊ မြို့သစ်ရပ်ကွက်နှင့် ပေါက်ခေါင်းမြို့ရှိ ပြည်သူများ၊ သာယာဝတီခရိုင် သုံးဆယ်မြို့၊ အလယ်တန်းရပ်ကွက်ရှိ ပြည်သူများ၊ ညောင်လေးပင်ခရိုင်၊ ဒိုက်ဦးမြို့ရှိ ပြည်သူများ၊ နတ်တလင်းခရိုင် သဲကုန်းမြို့နယ် လင်းလက်ရွာရှိ ပြည်သူများ၊ သနပ်ပင်မြို့၊ ဘုရားကြီးရပ်ကွက်ရှိ ပြည်သူ များ၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့ မင်္ဂလာရပ်ကွက်ရှိ ပြည်သူများ၊ ညောင်လေး ပင်ခရိုင်၊ ဒိုက်ဦးမြို့ စက်ကွင်း ရပ်ကွက်ရှိ ပြည်သူများ၊ ပဲခူးခရိုင်၊ ဝေါမြို့ ကန်တော် ရပ်ကွက်ရှိ ပြည်သူများ၊ ဒိုက်ဦးမြို့၊ စက်ကွင်းရပ်ကွက်ရှိ ပြည်သူများ၊ ပေါင်းတည်မြို့၊ အမှတ်(၁)ရပ်ကွက်ရှိ ပြည်သူများနှင့် ကုန်မျိုးစုံရောင်းချသည့်လုပ်ငန်းရှင်နှင့် သောက်ရေသန့် လုပ်ငန်းရှင်များအား စားသုံးသူ

*စာမျက်နှာ ၁၈ ကော်လံ ၁ သို့*

## ၂၀၂၆ ခုနှစ်အတွင်း ကုန်အညွှန်းအမှတ်အသား စိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ

စားသုံးသူကာကွယ်ရေးဥပဒေ ၂၀၁၉၊ အခန်း (၁၈) တွင် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့် စပ်လျဉ်းသည့် အချက်အလက်များ ပြဋ္ဌာန်းထားပြီး ကုန်အညွှန်းအမှတ်အသားဖော်ပြရာတွင် မြန်မာဘာသာဖြင့် ဖော်ပြရန်လိုအပ်သည့် အသေးစိတ်အချက်များကိုလည်း စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရန်အတွက် မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်က ညွှန်ကြားချက်အမှတ် (၂/၂၀၁၉) ဖြင့် ထုတ်ပြန်ထားပြီး ဖြစ်ပါသည်။ ထုတ်ကုန်လုံခြုံစိတ်ချရမှုဌာနခွဲအနေဖြင့် ကုန်စည်များတွင် မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသားဖော်ပြထားခြင်းအား ညွှန်ကြားချက် (၂/၂၀၁၉) နှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၆ ခုနှစ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်များမှ တင်ပြလာသည့် ကုန်စည်များကို အောက်ပါအတိုင်း စိစစ်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်-

၂၀၂၆ ခုနှစ်အတွင်း ကုန်အညွှန်းအမှတ်အသား စိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ

| စဉ် | လအမည် | စိစစ်ရန် တင်ပြလာမှု အခြေအနေ (အရေအတွက်) | | ခွင့်ပြုခဲ့သည့် အခြေအနေ (အရေအတွက်) | |
|---|---|---|---|---|---|
| | | ကုမ္ပဏီ | ကုန်ပစ္စည်း | ကုမ္ပဏီ | ကုန်ပစ္စည်း |
| ၁။ | ဇန်နဝါရီလ | ၁၀၇ | ၃၃၈ | ၁၀၇ | ၃၃၈ |
| ၂။ | ဖေဖော်ဝါရီလ | ၈၈ | ၂၆၁ | ၈၈ | ၂၆၁ |
| ၃။ | မတ်လ | ၈၇ | ၂၂၇ | ၈၇ | ၂၂၇ |
| ၄။ | ဧပြီလ | ၆၀ | ၂၅၀ | ၆၀ | ၂၅၀ |
| ၅။ | မေလ | ၆၈ | ၂၄၃ | ၆၈ | ၂၄၃ |
| စုစုပေါင်း | | ၄၁၀ | ၁၃၁၉ | ၄၁၀ | ၁၃၁၉ |

**Source:** ထုတ်လုံ

## စားသုံးသူအသိပညာပေးကဏ္ဍ

### တိုင်းဒေသကြီးများတွင် အသိပညာပေးလုပ်ငန်းများဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာနရှိ တိုင်းဒေသကြီးဦးစီးမှူးရုံးများသည် စားသုံးသူအခွင့်အရေးနှင့် အကျိုးစီးပွားကာကွယ်ရေး၊ လုံခြုံစိတ်ချရမှုရှိသော ကုန်စည်နှင့်ဝန်ဆောင်မှုများ ရွေးချယ်ဝယ်ယူသုံးစွဲတတ်စေရေး၊ စားသုံးသူနစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်လာပါက ကုစားမှုများ ရယူတောင်းဆိုတတ်စေရေး၊ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာဗဟုသုတများ ရရှိနိုင်စေရေးတို့အတွက် စားသုံးသူအသိပညာပေး ဟောပြောပွဲများ ကျင်းပခြင်းနှင့် စီးပွားရေးကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ



ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်နိုင်စေရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ မေလအတွင်း -

*စာမျက်နှာ ၁၇ ကော်လံ ၁ သို့*



*စာမျက်နှာ ၈ မှ အဆက်*

ညောင်လေးပင်ခရိုင် ညောင်လေးပင်မြို့၊ ဒိုက်ဦးမြို့၊ ကျောက်တံခါးမြို့နှင့် ပြွန်တန်ဆာမြို့တို့ရှိ ကုန်စုံဆိုင်များ၊ စတိုးဆိုင်များနှင့် ဆေးဆိုင်များ၊ နတ်တလင်းခရိုင် ဇီးကုန်းမြို့၊ သဲကုန်းမြို့၊ နတ်တလင်းမြို့နှင့် ပေါင်းတည်မြို့တို့ရှိ ကုန်စုံဆိုင်များ၊ စတိုးဆိုင်များနှင့် ဆေးဆိုင်များအား ဈေးကွက်စောင့်ကြည့်စစ်ဆေးရာ၌ သောက်ရေသန့်အမျိုး မျိုး၊ အသင့်စားမုန့်အမျိုးမျိုး၊ စားသုံးဆီအမျိုးမျိုး၊ နို့နှင့်နို့ထွက်ပစ္စည်းအမျိုးမျိုး၊ အသင့်ဖျော်ကော်ဖီနှင့်လက်ဖက်ရည်ထုပ်အမျိုးမျိုး၊ ဆေးနှင့်ဖြည့်စွက်စာအမျိုး မျိုး၊ အသင့်သောက်အချိုရည်အမျိုးမျိုး၊ အသင့်စားခေါက်ဆွဲခြောက်ထုပ်အမျိုးမျိုး၊ စည်သွပ်အစားအစာအမျိုးမျိုး၊ ကလေးအသုံးအဆောင်ပစ္စည်းအမျိုးမျိုးတို့ကို ဘေးအန္တရာယ်ကင်းရှင်းမှု ရှိ–မရှိ၊ သက်တမ်းလွန်စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ရောင်းချနေခြင်း ရှိ–မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** မကွေးတိုင်းဒေသကြီးအတွင်းရှိ ကုန်စုံဆိုင်များ၊ စတိုးဆိုင်များ၊ စည်ပင်သာယာဈေးများ၌ ရောင်းချလျက်ရှိသော ကုန်စည်များတွင် မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာ ဖော်ပြထားခြင်းရှိ-မရှိနှင့် သက်ဆိုင်ရာဌာနများမှ စားသုံးရန်၊ သုံးစွဲရန်မသင့်သော ကုန်စည်များအား ဈေးကွက်အတွင်း ရောင်းချခြင်း ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ရာ စည်ပင်သာယာဈေးတွင် (၇) ကြိမ်၊ မြို့ပေါ်ရှိရပ်ကွက်များတွင် (၄) ကြိမ်၊ စက်ရုံအလုပ်ရုံများတွင် (၁၃) ကြိမ်၊ ဆေးနှင့်ဆေးပစ္စည်း



အရောင်းဆိုင်များတွင် (၁) ကြိမ်၊ စုစုပေါင်း (၂၅) ကြိမ်နှင့် အထူးဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းကို စက်သုံးဆီအရောင်းဆိုင်များတွင် (၁) ကြိမ်၊ စားသုံးဆီအရောင်းဆိုင်များတွင် (၂) ကြိမ်၊ ဆေးနှင့်ဆေးပစ္စည်းအရောင်းဆိုင်များတွင် (၄) ကြိမ်၊ စုစုပေါင်း (၇) ကြိမ် ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ဈေးများတွင် ရောင်းချလျက်ရှိသော အိမ်သုံးလျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ အလှကုန်ပစ္စည်းအမျိုးမျိုး၊ အီလက်ထရောနစ်ပစ္စည်းအမျိုးမျိုး၊ အရန်သင့်အစားအစာအမျိုးမျိုး၊ အသင့်သောက်အချိုရည်အမျိုးမျိုး၊ အသင့်စားမုန့်အမျိုးမျိုး၊ ကလေးသူငယ်နှင့် လူကြီးအာဟာရဖြည့်စွက်စာအမျိုးမျိုး၊ ကလေးအသုံးအဆောင်ပစ္စည်း အမျိုးမျိုး၊ ကလေးအာဟာရဖြည့်စွက်စာအမျိုးမျိုးတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ရာ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ (၃) ကြိမ်၊ ကျောက်ဆည်ခရိုင်ဦးစီးမှူးရုံးမှ (၃) ကြိမ်၊ မိတ္ထီလာခရိုင်ဦးစီးမှူးရုံးမှ (၁) ကြိမ်နှင့် မြင်းခြံခရိုင်ဦးစီးမှူးရုံးမှ (၉) ကြိမ် ဆောင်ရွက်ခဲ့ကြောင်း၊ ရပ်ကွက်ကုန်စုံဆိုင်များတွင် ရောင်းချလျက်ရှိသော

*စာမျက်နှာ ၁၀ ကော်လံ ၁ သို့*

*စာမျက်နှာ ၉ မှအဆက်*

အရန်သင့်အစားအစာအမျိုးမျိုး၊ အသင့်သောက်အချိုရည်အမျိုးမျိုး၊ အသင့်စားမုန့်အမျိုးမျိုး၊ ကလေးသူငယ်နှင့် လူကြီးအာဟာရဖြည့်စွက်စာအမျိုးမျိုးနှင့် စားသုံးဆီအမျိုးမျိုးတို့ကို ကွင်းဆင်းစစ်ဆေးမှုအနေဖြင့် မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ (၆) ကြိမ်၊ ကျောက်ဆည်ခရိုင်ဦးစီးမှူးရုံးမှ (၈) ကြိမ်၊ မိတ္ထီလာခရိုင်ဦးစီးမှူးရုံးမှ (၇) ကြိမ်နှင့် မြင်းခြံခရိုင်ဦးစီးမှူးရုံးတို့မှ (၃) ကြိမ် ဆောင်ရွက်ခဲ့ကြောင်း၊ စက်ရုံ/ အလုပ်ရုံများသို့ ကွင်းဆင်းစစ်ဆေးမှုအနေဖြင့် ငရုတ်သီးနှမ်းကပ်ကြော်၊ အာလူးချောင်းကြော်၊ ပဲကြော်လုပ်ငန်းနှင့် ဒိန်ချဉ်လုပ်ငန်းများကို သွားရောက်စစ်ဆေးခဲ့ရာ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ (၄) ကြိမ်၊ ကျောက်ဆည်ခရိုင်ဦးစီးမှူးရုံးမှ (၁) ကြိမ်၊ မိတ္ထီလာခရိုင်ဦးစီးမှူးရုံးမှ (၂) ကြိမ်နှင့် မြင်းခြံခရိုင်ဦးစီးမှူးရုံးတို့မှ (၅) ကြိမ်စီ ဆောင်ရွက်ခဲ့ကြောင်း၊ ဆေးနှင့်ဆေးပစ္စည်းများကို မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ (၁) ကြိမ်၊ ကျောက်ဆည်ခရိုင်ဦးစီးမှူးရုံးမှ (၁) ကြိမ်၊ မိတ္ထီလာခရိုင်ဦးစီးမှူးရုံးမှ (၂၅) ကြိမ်နှင့် မြင်းခြံခရိုင်ဦးစီးမှူးရုံးတို့မှ (၅) ကြိမ် ဆောက်ရွက်ခဲ့ကြောင်း၊ အခြားကွင်းဆင်းစစ်ဆေးမှုအနေဖြင့် မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ (၁) ကြိမ်၊ ကျောက်ဆည်ခရိုင်ဦးစီးမှူးရုံးမှ (၂) ကြိမ်၊ စုစုပေါင်း (၆၅) ကြိမ် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ပုဇွန်တောင်မြို့နယ်ရှိ အဆင့်မြင့်လက်ဖက်ရည်ဆိုင်၊ ဒေါပုံမြို့နယ်နှင့် ဂုံဆိပ်ကမ်းစက်မှုဇုန်စက်လုပ်ငန်းတို့ရှိ ဆန်စက်လုပ်ငန်း၊ ကော့မှူးမြို့နယ်စည်ပင်သာယာမြို့မ ဈေးအတွင်းအပြင်ရှိ ကလေးအသုံးအဆောင်ပစ္စည်း အရောင်းဆိုင်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ စားသုံးဆီဆိုင်များ၊ သာကေတမြို့နယ်ရှိ ကုန်မျိုးစုံဆိုင်များ၊ ဧရာလမ်း၊ စက်မှုဇုန် (၅)၊ လှိုင်သာယာမြို့နယ်ရှိ အသင့်စားစည်သွပ်ဗူး စားသောက်ကုန်လုပ်ငန်း၊ ရတနာသိင်္ဂီလမ်း၊ စက်မှုဇုန် (၇)၊ လှိုင်သာယာမြို့နယ်ရှိ အသင့်စားစည်သွပ်ဗူးများနှင့် ခေါက်ဆွဲခြောက် စားသောက်ကုန်လုပ်ငန်း၊ နွယ်ခွေ၊ ထောက်ကြန့်၊ မင်္ဂလာဒုံမြို့နယ်ရှိ အသင့်စားဆန်ကြာဆံနှင့် ဆန်ခေါက်ဆွဲခြောက်စားသောက်ကုန်လုပ်ငန်း၊ ရွှေပြည်သာမြို့နယ် ပန်းခြံ (၇) လမ်း၊ နွယ်သာကီလမ်းသွယ်၊ (၃) ရပ်ကွက်ရှိ အသင့်စား စားသောက်ကုန်လုပ်ငန်း၊ ကွမ်းခြံကုန်းမြို့နယ်၊ စည်ပင်သာယာမြို့မဈေးရှိ စားသောက်ကုန်အမျိုးမျိုး ရောင်းချနေသောဆိုင်များ၊ ရန်ကုန်မြို့အတွင်းရှိ ကလေးတစ်ကိုယ်ရည်သုံးပစ္စည်းအမျိုးမျိုး ရောင်းချနေသော ကုန်တိုက်များနှင့် စတိုးဆိုင်များ၊ ရပ်ကွက်ကုန်စုံဆိုင်များရှိ စားသုံးဆီအမျိုးမျိုးတို့အား ကုန်အညွှန်းအမှတ်အသား ကိုက်ညီမှုရှိ-မရှိ စစ်ဆေးခဲ့ကြောင်း၊ ထို့အတူ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးဆိုင်များသို့ သွားရောက်၍ ရောင်းချနေသော ဆေးဝါးအမျိုးမျိုးတွင် ကုန်အညွှန်းအမှတ်အသားဖော်ပြချက်များနှင့် ကိုက်ညီမှုရှိ-မရှိ စစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:တိုင်းဒေသကြီးဦးစီးမှူးရုံးများ**



*စာမျက်နှာ ၁၄ မှ အဆက်*

(Anti-Dandruff)၊ ဈေးကြိုရပ်ကွက် ရွှေသဇင်အိမ်ရာ နဝရတ်လမ်း-၅ ကလေးအသုံးအဆောင်နှင့်လူသုံးကုန်ပစ္စည်းများရောင်းချသည့်ဆိုင်တို့အား သွားရောက်၍ အွန်လိုင်းမှတ်ပုံတင်လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းများဆောင်ရွက်ခဲ့ရာ လျှောက်လွှာပုံစံတွင် ဖြည့်သွင်းထားသည့် လိပ်စာအတိုင်း လုပ်ငန်းအမှန်တကယ် တည်ရှိခြင်း ရှိ-မရှိ၊ မှတ်ပုံတင်လက်မှတ်လျှောက်ထားစဉ်က ရောင်းချရန် တင်ပြထားသော ကုန်စည် (သို့) ဝန်ဆောင်မှု အမျိုးအစား စာရင်းအတိုင်းမြေပြင်တွင် အမှန်တကယ် ရောင်းချနေသော စာရင်းကိုက်ညီမှု ရှိ-မရှိ၊ မှတ်ပုံတင်လက်မှတ်ရရှိသူ၏ တာဝန်ဖောက်ဖျက်မှု ရှိ-မရှိ စစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ခရမ်းမြို့နယ်ရှိ ဒီဇိုင်းစတူဒီယို Online Sale လုပ်ငန်းရှင်၊ ကျောက်တန်းမြို့နယ်ရှိ အွန်လိုင်းစနစ်ဖြင့် ရောင်းချသည့် ရတနာဟန်းမိတ်လုပ်ငန်းရှင်၊ သန်လျင်မြို့နယ်ရှိ ကလေးအသုံးအဆောင် Online Sale လုပ်ငန်းရှင်၊ စမ်းချောင်းမြို့နယ်ရှိ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းရှင်၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးအစည်းအဝေးခန်းမ၌ Online Sale ရောင်းချသည့် လုပ်ငန်းရှင်များအား အွန်လိုင်းရောင်းချခြင်းနှင့် စပ်လျဉ်း၍ မှတ်ပုံတင်ခြင်းဆိုင်ရာအချက်များနှင့် သိရှိလိုက်နာရမည့်အချက်များကို အသိပညာပေးဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါသည်။

**ရှမ်းပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** တောင်ကြီးမြို့နယ်မြေ(၁၂)၊ နှင်းဆီလမ်း၊ အမှတ်(ဖတ/၈၂၁)၊ ကျောင်းကြီးစုရပ်ကွက် မနီအိမ်ခြံမြေလုပ်ငန်း၊ နမ့်စန်မြို့ပေါ်ရှိ Hein Khant Hlaing Shoes House အမည်ဖြင့် အွန်းလိုင်းရောင်းဝယ်ရေးလုပ်ငန်း၊ ကျိုင်းတုံမြို့ ရပ်ကွက်(၁)၊နောင်နွန်းရပ်အတွင်းရှိ အွန်လိုင်းစနစ်ဖြင့် အဝတ်အထည်အမျိုးမျိုးရောင်းချသည့် Xiao Ling Online လုပ်ငန်းများအား ကွင်းဆင်းစစ်ဆေးရာ၌ တာဝန်ရှိသူများသည် Online စနစ်ဖြင့် ရောင်းဝယ်မှုပြုလုပ်ရာတွင် သက်ဆိုင်ရာဌာန၏ ထောက်ခံချက် မှတ်ပုံတင်ပြုလုပ်၍ စနစ်တကျဖြန့်ဖြူးရောင်းဝယ်မှုပြုလုပ်ရန်၊ အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**Source:တိုင်းဒေသကြီးနှင့်ပြည်နယ်ဦးစီးမှူးရုံးများ**

## ၂၀၂၆ ခုနှစ်၊ မေလအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးမှုအခြေအနေ

စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူပြည်သူများ အသုံးပြုလျက်ရှိသည့် ကုန်စည်များဖြစ်သော အသင့်စားအစားအစာများ၊ စားသုံးဆီများ၊ အသင့်သောက်အချိုရည်များ၊ အရန်သင့်အစားအစာများ၊ အိမ်သုံးဆေးဝါးများနှင့် လူသုံးကုန်ပစ္စည်းများကို ဘေးအန္တရာယ်ကင်းရှင်းမှု ရှိ-မရှိ သက်ဆိုင်ရာ မိတ်ဖက်ဌာနများနှင့် ပူးပေါင်းစစ်ဆေးခြင်း၊ စားသုံးဆီများအား ဖြစ်သင့်ဖြစ်ထိုက်သော ဈေးနှုန်းများနှင့် ရောင်းချခြင်းရှိ-မရှိနှင့် ဆေးနှင့်ဆေးပစ္စည်းများ ဈေးကွက်အတွင်း ပစ္စည်းပြတ်လပ်မှု ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ မေလအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးမှု (၂၀၇၂) ကြိမ် ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: ထုတ်လုံ**

*စာမျက်နှာ ၁၃ မှ အဆက်*

များတွင် မေလအတွင်း အသိပညာပေးမှုမှာ (၆) ကြိမ်၊ အသိပညာပေးခဲ့သည့် လူဦးရေ (၆၀) ဦး အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ပဲခူးမြို့၊ ပန်းလှိုင်ရပ်ကွက်ရှိ Online Shop လုပ်ငန်းရှင် များအား အွန်လိုင်းမှတဆင့် ဖြန့်ဖြူးရောင်းချလျက်ရှိသော လုပ်ငန်းရှင်များအနေဖြင့်လည်း online register တင်ရှိထားစေရေး၊ စားသုံးသူကာကွယ်ရေးဥပဒေနှင့် ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံမှန်ကန်စွာဖော်ပြရေး၊ စားသုံးသူအခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များ၊ မှတ်ပုံတင်ခြင်းဆိုင်ရာ အချက်များနှင့် သိရှိလိုက်နာရမည့် အချက်များအား အသိပညာပေးဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါသည်။

**မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ရေနံချောင်းမြို့နှင့် အောင်လံမြို့များရှိ အွန်လိုင်းစနစ်ဖြင့် ရောင်းချသည့်လုပ်ငန်းရှင်များအား အွန်လိုင်းစနစ်ဖြင့် ရောင်းချပါက Online မှတ်ပုံတင်လက်မှတ်လျှောက်ထားရန်နှင့် Online Sales မှတ်ပုံတင် လက်မှတ်လျှောက်ထားခြင်း၊ သက်တမ်းတိုးခြင်းနှင့်ပတ်သက်၍ သိရှိရန်အချက်များ၊ မှတ်ပုံတင်မရှိဘဲ အွန်လိုင်းစနစ်ဖြင့် ရောင်းချပါက အရေးယူဆောင်ရွက်မည့်အခြေအနေများ၊ တရားမဝင်ကုန်ပစ္စည်းမရောင်းချရန်နှင့် ရောင်းချပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပါ ပြစ်မှုပြစ်ဒဏ်များ အကြောင်းတို့ကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** မန္တလေးမြို့ရှိ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းသည့် လုပ်ငန်းရှင်များအားတွေ့ဆုံ၍ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်း၊ (Online Sales) လုပ်ငန်းများ မှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်းနှင့်ပတ်သက်၍ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုလုပ်ငန်းအဖြစ် သတ်မှတ်သည့်အမိန့်ကို အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၂၃)ကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါကြောင်း၊ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်း လုပ်ငန်းမှတ်ပုံတင်ခြင်းဆိုင်ရာအမိန့်ကို အမိန့်ကြော်ငြာ စာအမှတ် (၅၁/၂၀ ၂၃) ကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ဇူလိုင်လ ၂၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါကြောင်း၊ အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီး (၆) လ ပြည့်မြောက်သည့် နေ့မှစ၍ မှတ်ပုံတင်လက်မှတ် မရရှိဘဲ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ကြောင်း တွေ့ရှိပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ ပုဒ်မ ၅ အရ အရေးယူခြင်းခံရမည့် အကြောင်းအရာများကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**မွန်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** သံဖြူဇရပ်မြို့၊ အိမ်အမှတ် (၁/၁)လမ်း၊ အောင်ဇေယျာရပ်ကွက်ရှိ အလှကုန်ပစ္စည်းများ၊ ဖက်ရှင်အသုံးအဆောင်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများရောင်းချသည့်ဆိုင်၊ မော်လမြိုင်မြို့ရှိ ဖန်စီပစ္စည်းဆိုင်၊ တိုက်(၂)မြေညီထပ်၊ ကွင်းကျောင်းလမ်း၊ ကွင်းရပ်ကွက် Beauty Studio၊ အမှတ်(၆) အောင်သပြေလမ်း၊ မောင်ငံ(ရှမ်းစု) ရပ်ကွက် Amaracare Herbal

*စာမျက်နှာ ၁၅ ကော်လံ ၁ သို့*



## ပြည်နယ်များအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူများ အသုံးပြုလျက်ရှိသည့် ကုန်စည်နှင့်ဝန်ဆောင်မှုများ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုခွင့်ရရှိစေရေး၊ စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိစေရေးအတွက် သက်ဆိုင်ရာပြည်နယ်များ အလိုက် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ် မေလအတွင်း

**ကချင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မြစ်ကြီးနားမြို့ရှိ ရမ်ပူရပ်ကွက်၊ မြေမြင့်ရပ်ကွက်၊ ရွှေစက်ရပ်ကွက်၊ ရန်ကြီး အောင်ရပ်ကွက်၊ အေးစေတီရပ်ကွက်၊ မန်ခိန် ရပ်ကွက်နှင့် စည်ပင်သာယာရေးဈေးရှိ ကုန်စုံဆိုင်များ၊ ရမ်ပူရပ်ကွက်ရှိ စက်ရုံ-အလုပ်ရုံ၊ တပ်ကုန်းရပ်ကွက်ရှိ စတိုးဆိုင်များ၊ မိုးညှင်းမြို့ရှိ မြို့မရပ်ကွက်၊ စိမ်းမြောက်ရပ်ကွက်၊ နောင်စွန်းရပ်ကွက်၊ နားခါရပ်ကွက်၊ အုတ်ကျင်းရပ်ကွက်နှင့် အမှတ်(၁)စည်ပင်သာယာဈေးရှိ ကုန်စုံဆိုင်များ၊ စတိုးဆိုင်များနှင့်ဆေးဆိုင်များတွင် ရောင်းချနေသော အသင့်စားမုန့်အမျိုးမျိုး၊ စားသုံးဆီအမျိုးမျိုး၊ နို့နှင့်နို့ထွက်ပစ္စည်းအမျိုးမျိုး၊ အသင့်ဖျော်ကော်ဖီနှင့် လက်ဖက်ရည်ထုပ်အမျိုးမျိုး၊ ဆေးနှင့်ဖြည့်စွက်စာအမျိုးမျိုး၊ အသင့်သောက်အချိုရည်အမျိုးမျိုး၊ အသင့်စားခေါက်ဆွဲခြောက်ထုပ်အမျိုးမျိုး၊ စည်သွပ်အစားအစာအမျိုးမျိုး၊ ကလေးအသုံးအဆောင်ပစ္စည်းအမျိုးမျိုးတို့ကို ကုန်အညွှန်းအမှတ် အသားပြည့်စုံစွာဖော်ပြထားခြင်း ရှိ-မရှိ၊ သက်တမ်းလွန် စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ရောင်းချနေခြင်း ရှိ-မရှိ၊ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**ကယားပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** လွိုင်ကော်မြို့ရှိ သီရိမင်္ဂလာဈေးအတွင်း အချိုရည်အမျိုးမျိုး ဖြန့်ဖြူးရောင်းချနေသော ကုန်စုံဆိုင်များ၊ လောခမ္မ ရပ်ကွက်အတွင်းရှိ အချိုရည်အမျိုးမျိုး လက္ကားရောင်းချနေသော ကုန်စုံဆိုင်များ၊ Loikaw city၊ Forever Mandalay (Restaurant)၊ Enjoy၊ အောင်သပြေစားသောက်ဆိုင်၊ ရွှေဒဂီး (၁) နှင့် ရွှေဒဂီး (၂) စားသောက်ဆိုင်များသို့ သွားရောက်၍ အရန်သင့်အစားအစာအမျိုးမျိုး၊ အသင့်သောက်အချိုရည်အမျိုးမျိုးတို့ကို ကုန်အညွှန်းအမှတ်အသားသတ်မှတ်ချက်များနှင့် ပြည့်စုံမှုရှိ-မရှိ၊ ဘေးအန္တရာယ်ကင်းရှင်းမှုရှိ-မရှိ၊ သက်တမ်းလွန်စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများရောင်းချနေခြင်းရှိ-မရှိ ဈေးကွက်စောင့်ကြည့် စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**ကရင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** ဘားအံမြို့၊ မြဝတီမြို့နှင့် လှိုင်းဘွဲ့မြို့ရှိ ကုန်မျိုးစုံဆိုင်များ၊ ဘားအံမြို့နှင့် မြဝတီမြို့တို့ရှိ သောက်ရေသန့်လုပ်ငန်းများနှင့် ဘုရင့်နောင်ဈေးရှိ ဆန်ဆီရောင်းဝယ်ရေးဆိုင်

*စာမျက်နှာ ၁၂ ကော်လံ ၁ သို့*

*စာမျက်နှာ ၁၁ မှအဆက်*

များသို့ သွားရောက်၍ ကုန်အညွှန်း အမှတ်အသားဖော်ပြခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ညွှန်ကြားချက်နှင့် ကိုက်ညီမှု ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**မွန်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** ကျိုက်ထိုမြို့နယ်ရှိ ကားဂိတ်များသို့သွားရောက်၍ ကုန်စည်များသယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ စစ်ဆေးရမည့်အချက်များအား စစ်ဆေးခြင်း၊ မုဒုံမြို့၊ မော်လမြိုင်မြို့နှင့် သထုံမြို့တို့ရှိ ဆန်ပွဲရုံ၊ ဆန်ဆိုင်များနှင့် ဆန်စပါးသိုလှောင်ရုံများအား သွားရောက်၍ ပြည်တွင်းစပါး၊ ဆန်ဈေးကွက်အတွင်း စပါးဆန်ဈေးနှုန်းမြင့်တင် ရောင်းချခြင်းရှိ-မရှိ စစ်ဆေးခြင်း၊ မော်လမြိုင်မြို့နယ်၊ ချောင်းဆုံမြို့နယ်နှင့် ဘီလင်းမြို့နယ်များရှိ စက်သုံးဆီဆိုင်များသို့ သွားရောက်၍ သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချမှု ရှိ-မရှိ စစ်ဆေးခြင်း၊ ကျိုက်မရောမြို့နယ် မြို့မဈေး၊ ချောင်းဆုံမြို့နယ် အမှတ်(၂) မြို့မဈေး၊ သထုံမြို့နယ် မြို့မဈေး၊ မုဒုံမြို့နယ် မြို့ပေါ်ရပ်ကွက်တွင် ဖွင့်လှစ်ထားသော ကုန်စုံဆိုင်များနှင့် သထုံမြို့နယ် မြို့မဈေး၊ ပေါင်မြို့နယ် ပေါင်းရပ်ကွက်ရှိ ကုန်စုံဆိုင်များ၊ ကျိုက်ထိုမြို့ရှိ မြို့မဈေး၊ ဘီလင်းမြို့နယ် မြို့ပေါ်ရပ်ကွက်များရှိ ကုန်စုံဆိုင်များတွင် ရောင်းချလျက်ရှိသော နို့နှင့် နို့ထွက်ပစ္စည်းများတွင် ကုန်အညွှန်းအမှတ်အသား ပါဝင်မှု ရှိ-မရှိ စစ်ဆေးခြင်း။ မော်လမြိုင်မြို့၊ သထုံမြို့နှင့် မော်လမြိုင်မြို့နယ်အတွင်းရှိ လိုင်စင်ရဆေးဝါးအရောင်းဆိုင်များအား ဒေသပေါက်ဈေးထက် ဈေးနှုန်းပိုမိုအမြတ်တင်ပြီးလက်လီရောင်းချနေမှု ရှိ-မရှိ၊ ဆေးဝါးများကိုဈေးနှုန်းမှန်ကန်စွာရောင်းချရေးနှင့် သက်တမ်းလွန်ဆေးဝါးများရောင်းချခြင်းရှိ-မရှိ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**ရှမ်းပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** တောင်ကြီးမြို့ စဝ်စံထွန်းဈေး၊ ပင်းတယမြို့၊ ပင်လုံမြို့အတွင်းရှိ ဆေးနှင့်ဆေးပစ္စည်း အရောင်းဆိုင်၊ နမ်စန်မြို့ (၁) ရပ်ကွက်အတွင်းရှိ ကိတ်နှင့်မုန့်မျိုးစုံလုပ်ငန်း၊ အောင်ပန်းမြို့ ညောင်ပင်ထောင်ရပ်ကွက်ရှိ ဒိန်ချဉ်လုပ်ငန်း၊ ပင်းတယမြို့နယ် ရွာသစ်ရပ်ကွက်နှင့် ရွာငယ်ရပ်ကွက်တို့ရှိ စားသောက်ဆိုင်များ၊ ပင်းတယမြို့အတွင်းရှိ လက်ဖက်ခြောက်လုပ်ငန်း၊ လွိုင်လင်မြို့ ရပ်ကွက် (၃) နှင့် ရပ်ကွက် (၄) တို့ရှိ စားသောက်ဆိုင်များ၊ တောင်ကြီးမြို့နှင့် နမ့်စန်မြို့တို့ရှိ စတိုးဆိုင်များ၊ အေးသာယာမြို့ရှိ အကြော်ဖိုလုပ်ငန်းများ၊ အေးသာယာမြို့၊ ပင်းတယမြို့နှင့် ပင်လုံမြို့တို့ရှိ စားအုန်းဆီဆိုင်များ၊ နမ်စန်မြို့ပေါ်ရှိ ဆန်ဆိုင်များ၊ ကျိုင်းတုံမြို့ ရပ်ကွက် (၄) ရှိ စားသောက်ဆိုင်များ၊ ပေါက်ထိုးရပ်အတွင်းရှိ မုန့်တီခြောက်၊ ခေါက်ဆွဲခြောက်လုပ်ငန်း၊ ရပ်ကွက် (၅) ရှိ ကုန်စုံဆိုင်၊ နောင်ကျောက်ရပ်ကွက် (၂) ရှိ သောက်ရေသန့်လုပ်ငန်း၊ မိုင်းဇင်းကျေးရွာ နောင်နွန်းရပ်ကွက်ရှိ ကုန်စုံဆိုင်၊ ကျိုင်းတုံမြို့၊ မြို့မဈေးအတွင်းရှိ ကုန်စုံနှင့်ဆေးပစ္စည်း အရောင်းဆိုင်များ၊ တာချီလိတ်မြို့ ဆန်ဆိုင်း (က) ရပ်ကွက်အတွင်းရှိ စားသောက်ကုန်အရောင်းဆိုင်များ၊ ဆေးခမ်းရပ်ကွက်ရှိ သောက်ရေသန့်လုပ်ငန်း၊ ရန်အောင်မြေရပ်ကွက်ရှိ စားသောက်ကုန်အရောင်းဆိုင်များ၊ လားရှိုးမြို့

*စာမျက်နှာ ၁၃ ကော်လံ ၁ သို့*



*စာမျက်နှာ ၁၂ မှအဆက်*

ရပ်ကွက် (၃) အတွင်းရှိ ကုန်စုံဆိုင်များ၊ မြို့မဈေးအတွင်းရှိ စားသောက်ဆိုင်နှင့် စားသောက်ကုန်ရောင်းချသည့်ဆိုင်ခန်းများ၊ လားရှိုးရပ်ကွက်ရှိ စားသုံးဆီအရောင်းဆိုင်များသို့ သွားရောက်၍ ဘေးအန္တရာယ်ကင်းရှင်းမှု ရှိ-မရှိ၊ ကုန်အညွှန်းအမှတ်အသားပြည့်စုံစွာ ဖော်ပြထားခြင်း ရှိ-မရှိ၊ သက်တမ်းလွန် စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ရောင်းချနေခြင်းရှိ-မရှိ၊ စံမညီဆေးဝါးများ ဈေးကွက်အတွင်း ရောင်းချခြင်းရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** ပြည်နယ်ဦးစီးမှူးရုံးများ

## Online Sale မှတ်ပုံတင်လက်မှတ်ထုတ်ပေးနိုင်ရေး မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်

Online စနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းအား ၂၁-၇-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၂၃) ဖြင့် အရေးကြီးဝန်ဆောင်မှုလုပ်ငန်းအဖြစ် သတ်မှတ်ခဲ့ပြီး အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ Online Sale မှတ်ပုံတင်လက်မှတ် လျှောက်ထားလာမှုအား မြေပြင်ကွင်းဆင်းစစ်ဆေး၍ လျှောက်ထားသည့် အချက်အလက်များနှင့် မြေပြင်တွင် အမှန်တကယ်ကိုက်ညီမှုရှိမှသာလျှင် မှတ်ပုံတင် လက်မှတ်ထုတ်ပေးမည်ဖြစ်ကြောင်း လစဉ်အသိပညာပေးဆောင်ရွက်မည့် အစီအမံများရေးဆွဲ၍ အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ မေလအတွင်း -

**ကချင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်ရှိ စားသုံးသူပြည်သူများ၊ မြို့မရပ်ကွက်ရှိ ရွှေဆိုင်လုပ်ငန်းရှင်နှင့် မိုးညှင်းခရိုင် နားခါရပ်ကွက်ရှိ ဆန်ကုန်သည်အသင်းအဖွဲ့များအား Online Sales မှတ်ပုံတင်လက်မှတ်ရရှိသူ၏ တာဝန်များနှင့် အခွင့်အရေးများ၊ မှတ်ပုံတင်ရရှိထားသော်လည်း တရားမဝင်ပစ္စည်းရောင်းချပါက ကျခံရမည့် ပြစ်မှုပြစ်ဒဏ်များ၊ မှတ်ပုံတင်လက်မှတ်ဆိုင်းငံ့ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းဆိုင်ရာအကြောင်းအရာများ၊ eComReg System ဖြင့် Online Sales မှတ်ပုံတင် လက်မှတ်လျှောက်ထားခြင်း၊ သက်တမ်းတိုးခြင်းနှင့်ပတ်သက်၍ သိရှိရန်အချက်များ၊ မှတ်ပုံတင်မရှိဘဲ အွန်လိုင်းစနစ်ဖြင့် ရောင်းချပါက အရေးယူဆောင်ရွက်မည့်အခြေအနေများအား အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ပြည်ထောင်စုအစိုးရအဖွဲ့၏ အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှု ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (ဂ) အရ အွန်လိုင်းစနစ်ဖြင့်ရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်နေသောလုပ်ငန်းရှင်များကို မိမိတို့၏ လုပ်ငန်းများအား မှတ်ပုံတင်လက်မှတ်ရယူ၍ ဆောင်ရွက်နိုင်ရန်အတွက် အွန်လိုင်းစနစ်ဖြင့်ရောင်းချသည့်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးအသိပညာပေးခြင်းလုပ်ငန်းများအား ဆောင်ရွက်ခဲ့ရာ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်

*စာမျက်နှာ ၁၄ ကော်လံ ၁ သို့*